# ဆရာများ အတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၁ နှင့် အဆင့် ၂

အတွဲ က

သင်ခန်းစာ ၇-၁၂

www.besweb.com

# Bible Educational Services

## သမ္မာကျမ်းစာ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1186004)

**သာသနာတော် အတွက် သဘောထား**
အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**
သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာတွင် အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ပေးချက်များ**
“Bibletime”, “New Life” နှင့် “Gleaners” ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး တွင်ရှိသော ကျမ်းစာကျောင်းများနှင့် သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊ အဆက်အသွယ်များ၊ ပြုလုပ်ခြင်းဖြင့်လည်းကောင်း အကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများ ပြုလုပ်ပေးသည်။ ဤ BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့်လည်း လက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများအား ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်းတွင် ပထမဆုံး အသုံးပြုခဲ့ပြီးဖြစ်သည်။ အင်္ဂလိပ်ဘာသာနှင့် လည်းကောင်း၊ နိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း၊ သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။ အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A4 ပုံစံဖြင့် ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ်စစ်ဆေးရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန် ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊ ၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏ စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှ ပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကားဖြင့် BES Website www.besweb.com တွင်၎င်း International Secretary တွင်၎င်း ရရှိနိုင်သည်။ အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ရေးဆွဲထားခြင်း ဖြစ်သည်။ သင်အလိုရှိပါက သင့်အားအကူအညီပေးနိုင်သော စာရွက်စာတမ်းများ BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ


**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေးသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကို အသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၁ နှင့် ၂ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၅-၁၀ နှစ် အထိ ကလေးများအတွက် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထာသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် ရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာမျာတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာ သင်ခန်းစာကို ပြန်အပ်စေရမည် ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သိုမဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံး အမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်။

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံးပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များ ပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်များကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားမျာထံ ဝေပေးပါ။ ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ်သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာစာအုပ်၏ နောက်ပိုင်းတွင် ပေးထားသည်။ ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာ သင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြားပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်နည်းလမ်း၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့ မပြုလုပ်လိုပေ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့် ကျွမ်းဝင်မှုရှိပါ။ -** သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း၊ အတတ်နိုင်ဆုံးကျွမ်းဝင်မှုရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုဂရုတစိုက် စဉ်းစားဆင်ခြင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြားမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ။ -** - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့် စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှုနှင့် သင်ခန်းစာပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင်နားလည်သဘောပေါက် သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကို သိနားလည်စေရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ဒုတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေးလိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များ ဖြစ်သည်။ ဖြစ်ပျက်ခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်း နှင့် သင်ကြားခြင်းကို သုံးသပ်နိုင်သည်။
- **မိတ်ဆက်ပေးပါ။ -** ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင် ကလေးများ၏ တုန့်ပြန်မှုကို ရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ။ -** ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေးရမည် ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန ´ရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာကို အမြဲအက္ခရာစောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ။ -** ပုံပြင်တစ်ခုချင်းစီကို ချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည်။ အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်း နှစ်ခုတွေ့ရသည်။ ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်း တစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည်။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး၊ သူတို့၏အသက်တာထဲတွင် ကျန်ရှိနေမည် ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ထို့ကြောင့် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသက်ပါ။ -** ကျောင်းတစ်ကျောင်း၏ အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည်။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့် အကျွမ်းဝင်စေပါ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင် သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည်။ အခြားတဖတ်တွင် တိကျသော လမ်းညွှန်မှုဖြင့် ဆက်စပ်သည့် မေးခွန်းများ မေးခြင်းသည် ကလေးများ အာရုံစူးစိုက်စေရန် အကြံဥာဏ်ကောင်းတစ်ခုဖြစ်နိုင်သည်။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်းမရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန် အလွန်အရေးကြီးလှသည်။ သို့မှသာ ဤသင်ခန်းစာသည် ငြီးငွေ့စရာ ကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။ သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည်။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ။ -** ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ။ -** အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများ ရရှိရန်မှာ အလွန်ခက်ခဲလှပါသည်။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့်အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည်။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည်။ သင်ခန်းစာတိုင်းအတွက် သင့်လျော်သည့် ရုပ်ပုံအကြောင်း အကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။ ၎င်းတို့ကို website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန်သင်ခန်းစာအတွင်း ထည့်သွင်းဖော်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း။

(၁) • ကျမ်းချက်များကို စာရွက် သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့် ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံး တစ်လုံးပြီးတစ်လုံး တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံးတွင် ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေးရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ အဓိကကျမ်းချက် စကားလုံးများကို ခွဲရေးပြီး ရောထားပါ။ ကျမ်းချက်ပါ စာလုံးများကို အစီအစဉ်တကျ ပြန်စီစေခြင်းဖြင့် အဖွဲ့နှစ်ဖွဲ့ကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ပြီးဆုံးသွားခဲ့သော ကျမ်းပိုဒ်ကိုသူတပါးထက် ဦးစွာ ရွတ်ဆိုစေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက်။** သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီ ပြောင်းလဲလိုကြပေမည်။

(၁) မိတ်ဆက်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)

(၂) အဓိကသော့ချက်ကျမ်း သင်ကြားပေးခြင်း (၅ -၁၀ မိနစ်)

(၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)

(၄) မေးခွန်းမေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ။

"ကျွန်ုပ်မေ့နိုင်သည့်အတွက် ကျွန်ုပ်ကိုပြောပါ။
ကျွန်ုပ်သတိရအောင် ကျွန်ုပ်ကိုပြပါ။
ကျွန်ုပ်နားလည်နိုင်ရန် ကျွန်ုပ်နှင့်အတူပါဝင်ပါ ။"

## **Bibletime** သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂း၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှုမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

## <u>က ၇ ပုံပြင် ၁</u>

## ပေတရုသည် ခရစ်တော်၏ အကြောင်းကို လူများထံ ပြောပြသည်။ -ဤပုံပြင်သည် သန့်ရှင်းသော ဝိညာဉ်တော်ဆင်းကြွလာသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံရရှိရန်မှာ တပည့်တော်များအတွက် အလွန်လိုအပ်သောအရာ ဖြစ်သည်။
- သခင်ယေရှုကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံသူတိုင်း၏အထဲတွင် သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်သည်။

**အဓိကသော့ချက်ကျမ်း** *တမန်၊ ၂း ၃၆*

**ကျမ်းညွှန်း။** *တမန်၊၂း ၁- ၁၄၊ ၃၆- ၃၉*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- သန့်ရှင်းသောဝိညာဉ်တော်ကို အစပြုမိတ်ဆက်ရန် မေးခွန်းများကို အသုံးပြုပါ။ လေကို သင်မြင်နိုင်ပါသလား။ မမြင်နိုင်ပါ။ လေရှိကြောင်း သင် မည်သို့ သိနိုင်မည်နည်း။ လေ၏ လှုပ်ရှားမှုကို သင်သိနိုင်ပါသည်။ အပြင်တွင် လေကိုတွေ့နိုင်ပါက လေကိုတွေ့နိုင်သည့် သက်သေကိုကြည့်ပါ။
- ထမြောက်ရာနေ့၏ ပုံပြင်ကို ကလေးများအား ပြန်လည်သတိပေးပါ။ ယေရှုသည် အသေခံပြီး၊ ပြန်လည်ထမြောက်ခဲ့သည်။ မမြင်နိုင်သည့် အထူးကူညီသူကို သူ၏ တပည့်တော်များထံ စေလွှတ်မည် ဟု သူသည် ကောင်းကင်သို့ ပြန်လည်မတက်ကြွမီ ကတိပေးခဲ့သည်။
- ထိုကူညီသူမှာ ပုဂ္ဂိုလ်ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော် ဟု ခေါ်သည်။ သူတို့အယောက်စီတိုင်း၏ အသက်တာတွင် ဝင်ရောက်ကျိန်ဝပ်မည့်သူ ဖြစ်သည်။ လေကဲ့သို့ပင် ဖြစ်သည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို သူတို့ မမြင်တွေ့နိုင်ကြပါ။ သို့သော် သူတို့၏ အသက်တာတွင် ထိုပုဂ္ဂိုလ်၏ ထူခြားသည့် လုပ်ဆောင်မှုများကို သူတို့၏ သိရှိနိုင်သည်။

**သင်ကြားပေးပါ။**

- ယေရှု ကောင်းကင်သို့ တက်ကြွသွားပြီး များမကြာမီ တပည့်တော်တို့သည် ယေရုရှလင်ရှိ အိမ်တစ်အိမ်တွင် စုရုံးရောက်ရှိနေကြသည်။ ***(တမန်၊ ၂း ၁-၄)*** တခဏခြင်းတွင် လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် အိမ်တစ်အိမ်လုံးကို ပြည့်သွားသည်။ ထို့နောက် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ ထင်ရှား၍ ထိုသူအသီးသီးတို့ အပေါ်၌ တည်နေလေ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် ဆင်းသက်ခဲ့ပြီး ဖြစ်သည်။ တပည့်တော်များ မည်သို့ ခံစားကြလိမ့်မည်ဟု သင်ထင်ပါသနည်း။ *ယခုတွင် အထူးလက်ဆောင်သည် ရောက်ရှိလာပြီး ဖြစ်သည်။ (ယေရှု၏ ကတိတော်သည် အမှန်တကယ် ပြည့်စုံလာသည့်အတွက် တပည့်တော်များ ပျော်ရွှင်ခဲ့ကြသည်။ စိတ်လှုပ်ရှားခဲ့သည်။ အံ့ဩခဲ့ကြသည်။ )*
- ထို့နောက် သူတို့သည် အမျိုးမျိုးသော ဘာသာစကားအားဖြင့် ဟောပြောကြသည်။ *(အမျိုးမျိုးသောဘာသာစကားဆိုသည်မှာ ကျွန်ုပ်တို့ပြောနေကြသည့် သာမာန်စကားပင် ဖြစ်သည်။ ကျွန်ုပ်တို့ ငယ်ရွယ်သည့်အချိန်တွင် မိဘများထံမှ သင်ယူခဲ့ရသည့် စကားဖြစ်ပြီး ယခုလည်း အသုံးပြုနေကြသည့် စကားပင် ဖြစ်ကြောင်း ကလေးများကို ရှင်ပြပါ။)* ယေရှု၏တပည့်တော်များသည် *ယခုသူတို့ပြောနေသည့် ဘာသာစကားများကို အရင်က လုံးဝမပြောခဲ့ကြပေ။ ထိုနိမိတ်လက္ခဏာများသည် သန့်ရှင်းသောဝိညာဉ်တော်* ဆင်းသက်လာကြောင်း ဖော်ပြသည့် နိမိတ်ပင် ဖြစ်သည်။ *ထိုအခန်း၏ဘေးမှ သင်ဖြတ်သွားလျှင် သင် မည်သို့ တွေးထင်မည်နည်း။*
- အနီးအနားရှိ ထိုအသံကို ကြားသောသူတို့သည် အံ့ဩပြီး ၊နားမလည်နိုင်ခဲ့ကြပေ။ ***(တမန်၊ ၂း ၅-၁၃)***
- သခင်ယေရှု၏ အကြောင်းနှင့် ဖြစ်ပျက်ခဲ့သည့်အရာများအကြောင်းကို ရှင်းပြရန် ဤအချိန်သည် သူ့အတွက် အခွင့်အရေးကောင်း ဖြစ်ကြောင်း ပေတရု သိခဲ့သည်။ ***(တမန်၊ ၂း ၃၆- ၃၉)*** *လူအုပ်ကြီးထံ (စကားပြောခြင်း ၊ ရှင်းပြခြင်း) တရားဟောခြင်းအကြောင်းနှင့် ပတ်သက်၍ မည်သည့် ခတ်ခဲသည့်အရာ ရှိနေနိုင်ကြောင်း ဆွေးနွေးပါ။ (အလွန်ကြောက်လန့်ခြင်း၊ မှန်ကန်သောစကားကို ပြောရန် သိခြင်း ၊ လူများ သူ့အား တုန့်ပြန်ပြောဆိုလာမည်ကို စိုးရိမ်နေခြင်း----- )* သို့သော် ပေတရုသည် သူအား ကူညီသည့် သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် လုပ်နိုင်ခဲ့သည်။
- *ပေတရု ဟောပြောခြင်းကို နားထောင်နေသော သူတို့သည့် သူတို့၏အပြစ်မှ ကယ်တင်ခြင်း ခံစားရရန် လိုအပ်သည်။ ထိုကဲ့သို့ပင် ကျွန်ုပ်တို့လည်း ကျွန်ုပ်တို့၏ အပြစ်မှ ကယ်တင်ခြင်း ခံစားရရန် လိုအပ်သည်။*
- *သခင်ယေရှုကို မိမိ၏ ကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်သူတိုင်းအား သန့်ရှင်းသောဝိညာဉ်တော်ကို ပေးကြောင်း ရှင်းပြပါ။ တစ်ပါးသူများထံ သခင်ယေရှု၏ အကြောင်းကို ပြောပြရန် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ကူညီပေးသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ပင်တေကုတ္တေနေ့

**သင်ယူစေပါ**

***တမန်၊ ၂း ၃၆*** ရှိ အဓိကသော့ချက်ကျမ်းသည် မည်သည့်နေရာတွင် လိုအပ်သည့်အရာဖြစ်ကြောင်း ရှင်းပြပြီး သင်ကြားပေးပါ။ ဤအချက်သည် ပေတရု ဟောပြောခြင်း၌ ပါဝင်သည့် အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သူတို့သည် ယေရှုအား ကွပ်မျက်ခဲ့သည် သို့သော် ဘုရားသခင်သည် သူ့အား ထမြောက်စေခဲ့သည် ဟု ပေတရု ဟောခဲ့သည်။ ယေရှုသည် လူသားတစ်ဦး ဖြစ်ရုံမက သခင် နှင့် ခရစ်တော် ဖြစ်ကြောင်း ထမြောက်ခြင်းအားဖြင့် သက်သေပြခဲ့သည်။

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသောအချိန်တွင် တပည့်တော်တို့သည် မည်သည့်နေရာတွင် ရှိနေကြသနည်း။
- ဝိညာဉ်တော်၏ အသံသည် မည်သည့်အသံကဲ့သို့ ဖြစ်သနည်း။
- တပည့်တော်တို့သည် မည်သည့်အရာကို မြင်ခဲ့ကြသနည်း။
- သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသည်နှင့် ချက်ခြင်း မည်သည့်အရာကို လုပ်ဆောင်နိုင်ကြသနည်း။
- ဖြစ်ပျက်ခဲ့သမျှ အရာအားလုံး၏ အထက်တွင် ရှိသောသူမှာ မည်သူနည်း။
- ဖြစ်ပျက်ခဲ့သမျှကို ထလျက် ရှင်းပြခဲ့သော တပည့်တော်မှာ မည်သူနည်း။
- ပေတရုသည် မည်သူ၏ အကြောင်းကို ပြောခဲ့သနည်း။
- ပေတရုသည် သူတို့၏ အပြစ်များအတွက် မည်သည့်အရာကို လုပ်ရမည်ဟု ပြောခဲ့သနည်း။
- ဤအရာကို လုပ်ဆောင်ပါက ထိုသူတို့သည် မည်သည့် ဆုကျေးဇူးကို ခံစားကြရ မည်နည်း။
- ယနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် မည်ကဲ့သို့သော သူတို့၏ အထဲတွင် ကျိန်ဝပ်တော်မူသနည်း။

## က ၇ ပုံပြင် ၂

## ပေတရုသည် ခြေမသန်စွမ်းသောသူအား ကျန်းမာခြင်း ပေးခဲ့သည်။ - ဤပုံပြင်သည် ကျန်းမာစေသည့် ဘုရားသခင်၏ တန်ခိုးတော် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ခြေမသန်စွမ်းသောသူအား ကျန်းမာစေရန်အတွက် ပေတရု နှင့် ယောဟန်တို့အားဖြင့် ယေရှု၏ တန်ခိုးတော်သည် အလုပ်လုပ်ခဲ့သည်။
- ပေတရု နှင့် ယောဟန်တို့သည် ခြေမသန်စွမ်းသောသူအား ကူညီပေးခဲ့ကြသည်။ ကျွန်ုပ်တို့လည်း သူတစ်ပါးအား ကြိုးစား ကူညီသင့်သည်။

**အဓိကသော့ချက်ကျမ်း** *အဆင့် ၁- တမန်၊ ၃း ၆ အဆင့် ၂- တမန်၊ ၃း၁၆*
**ကျမ်းညွှန်း။** *တမန်၊ ၃း ၁- ၁၂*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- လမ်းမလျှောက်နိုင်သည့် ခြေမသန်စွမ်းသောသူကို  မြင်သာနိုင်ရန် ဖော်ပြပါ။ သို့သော် သူသည် အသက်ရှင် နေထိုင်စားသောက်ရန် ငွေတောင်းစားနေသူ ဖြစ်သည်။
- ခြေမသန်စွမ်းသူကို ပုံဖော်ပြနိုင်ရန်အတွက် သင်၌ ချိုင်းထောက် တစ်စုံ ရှိရမည်။ သို့သော် ထိုသူသည် သူ၏သူငယ်ချင်းများ အကူအညီဖြင့် သွားလာကြောင်း ရှင်းပြပါ။
- ထိုသူ၏ပုံကို ဖော်ပြရန် ဝမ်းနည်းနေသည့် မျက်နှာ တစ်ခုကို ဆွဲပါ။

**သင်ကြားပေးပါ။**

- တစ်နေ့သောအခါ ပေတရု နှင့် ယောဟန်တို့သည် ဗိမာန်တော်သို့ သွားသောအခါ ခြေမသန်စွမ်းသောသူတစ်ဦးသည် တောင်းစားနေသည်။ ***(တမန်၊ ၃း ၁-၅)*** *သူတို့သည် ထိုသူနှင့် အချိန်ယူ စကားပြောခဲ့ကြောင်း ဖော်ပြပါ။*
- ပေတရု၏ စကားကို အသုံးပြုပါ။ " ငါ၌ ရွှေ ငွေ မရှိ။ ရှိသည့်အရာကို သင့်အား ငါပေးမည်။ နာဇရက်မြို့သား ယေရှုခရစ်၏ နာမတော်အားဖြင့် လှမ်းသွားလော့။ " ***(တမန်၊ ၃း ၆-၇)*** *ရွှေနှင့်ငွေသည် ထိုသူအား အနည်းငယ်သာ အကူအညီး ပေးနိုင်မည် ဖြစ်သည်။ သူ၏ ခြေအား ကျန်းမာခြင်း ပေးနိုင်လိမ့်မည် မဟုတ်ကြောင်း ရှင်းပြပါ။* ပေတရုသည် ထိုသူ၏ အသက်တာကို တစ်စုံတစ်ခု ပြုလုပ်ပေးခြင်းဖြင့် ပြောင်းလဲပေးလိုသည်။
- ပေတရုသည် ထိုသူ၏ လက်ကို ကိုင်ဆွဲပြီး မတ်တက်ရပ်နိုင်ရန် ကူညီပေးခဲ့သည်။ ချက်ခြင်ပင် သူ၏ ခြေနှင့် ခြေချောင်းကလေးများသည် သန်မာလာခဲ့သည်။ သူသည် လှမ်းသွားနိုင်ခဲ့ပြီး သူ၏အသက်တာတွင် သူ၏ခြေများကို အသုံးပြု၍ ပထမဦးဆုံးအကြိမ် ခုန်နိုင်ခဲ့သည်။ သူသည် ဘုရားသခင်၏ ကျေးဇူးတော်ကို အလွန်ချီးမွမ်းပြီး ပေတရု ၊ ယောဟန် တို့နှင့်အတူ ဗိမာန်တော်ထဲသို့ လိုက်ပါခဲ့သည်။ ***(တမန်၊ ၃း၈)*** *ပျော်ရွှင်ကြောင်း ပေါ်လွင်စေသည့် အပြုံးမျက်နှာ တစ်ခုကို ဆွဲ၍ ပြပါ။ ခြေမသန်စွမ်းသော သူတစ်ဦး နေ့တိုင်း တောင်းစားနေသည့် ပုံကို သင်အမြဲ မြင်တွေ့ရမည်ဆိုပါက သင်မည်သို့ တွေးမည်နည်း။*
- ထိုအဖြစ်အပျက်ကြောင့် လူတိုင်း အံ့သြခဲ့ရသည်။ ***(တမန်၊ ၃း ၉-၁၂)***
- *ပေတရု၏ ပုံဥပမာကို ကျွန်ုပ်တို့ မည်သို့ အတုယူသင့်ကြောင်း စဉ်းစားပါ။ လက်တွေ့ကျကျ နည်းလမ်းဖြင့် သူတစ်ပါးအား ကူညီးနိုင်သည့် နည်းလမ်းကို ပြောပါ။ သူတစ်ပါအား ကျွန်ုပ်တို့ ဝေမျှရမည့် အရေးကြီးဆုံးအရာမှာ သခင်ယေရှု၏ သတင်းကောင်းပင်  ဖြစ်ကြောင်း ဖော်ပြပါ။*
- *ထိုသူ ကဲ့သို့ပင် ကျွန်ုပ်တို့၏ ဘဝတွင်လည်း ပြဿနာ အခက်အခဲများနှင့် ကြုံတွေ့ရနိုင်သည်။ ယေရှုခရစ်တော်၏ တန်ခိုးတော်သည် ခြေမသန်စွမ်းသောသူအား လှမ်းသွားနိုင်စေသကဲ့သို့ ကျွန်ုပ်တို့၏ အပြစ်များကိုလည်း အဝေးသို့ ဖယ်ရှား ပေးနိုင်သည်။*
- *ဘုရားသခင်းအား ကျွန်ုပ်တို့ ချီးမွမ်းနိုင်သည့် အကြောင်းအရင်း တစ်ခုခုကို စဉ်းစားပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ တောင်းစားနေသည့် ခြေမသန်စွမ်းသူ  လမ်းလျှောက်နိုင်ခဲ့သည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ပေးပါ။ ***အဆင့် ၁ တမန်၊ ၃း၆၊ အဆင့် ၂ တမန်၊ ၃း ၁၆။***
*အဆင်ပြေသင့်လျော်ပါက ကလေးသူငယ်များအား သော့ချက်ကျမ်းကို ရွတ်ဆိုခိုင်းပြီး လမ်းလျှောက်ခြင်း၊ သို့မဟုတ် ခြေစုံခုန် စေခြင်းဖြင်း ကစားစေပါ။*

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- ထိုအကြောင်းအရာသည် မည်သည့်အချိန်တွင် ဖြစ်ခဲ့သနည်း။
- ပေတရု နှင့် ယောဟန်သည် မည်သည့်အရပ်သို့ သွားနေသနည်း။
- ထိုသူ လမ်းမလျှောက်နိုင်သည်မှာ မည်မျှ ကြာခဲ့ ပြီးနည်း။
- ထိုသူသည် မည်သည့်နေရာတွင် နေ့တိုင်း ထိုင်နေသနည်း။
- ထိုသူသည် ပေတရု နှင့် ယောဟန်ထံ မည်သည့်အရာ တောင်းခဲ့သနည်း။
- ထိုသူအား ကျန်းမာစေရန်အတွက် ပေတရုသည် မည်သူ၏ အမည်နာမကို အသုံးပြုခဲ့သနည်း။
- ပေတရုသည် ထိုသူအား စကားပြောပြီး နောက်ထပ် ဘာလုပ်ပေးခဲ့သေး သနည်း။
- ယခုတွင် ထိုသူ လုပ်ဆောင်နိုင်သည့် အရာ သုံးမျိုးကို ဖော်ပြပါ။
- ထိုသူသည် ကျန်းမာပြီးနောက် မည်သည့်အရပ်သို့ သွားခဲ့သနည်း။
- ယေရှု၏ တန်ခိုးတော်သည် ကျွန်ုပ်တို့အသက်တာတွင် မည်သည့်အရာကို လုပ်ပေးနိုင်သနည်း။

## က ၇ ပုံပြင် ၃

## ထောင်ထဲ၌ ရှိသော ပေတရု - ဤပုံပြင်သည် ဘုရားသခင်၏ အစေကို ခံသောသူများအား ဘုရားသခင် မည်သို့ ကူညီးသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ကနဦး ယုံကြည်သူတို့သည် သခင်ယေရှုကို သတ်ခဲ့သည့် ဘာသာရေး ခေါင်းဆောင်တို့၏ တိုက်ခိုက်မှုများကို ခံရကြသည်။
- မည်သို့သော ပြဿနာများနှင့် ယှဉ်ဆိုင်ကြရသော်လည်း သခင်ယေရှုအား အမှန်ချစ်သောသူတို့သည် သခင်ယေရှုထံ နာခံလိုကြသည်။

**အဓိကသော့ချက်ကျမ်း** *ဟေဗြဲ၊ ၁၃း ၆*
**ကျမ်းညွှန်း။** *တမန်၊ ၄း ၁- ၂၂*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- ဤပုံပြင်သည် ဆက်လက်ဖြစ်ပျက်နေသည့် အကြောင်းအရာ တစ်ခုဖြစ်သကဲ့သို့ အခြေခံကျသည့် အချက်အချို့ကို စတင်ရန် အကောင်းဆုံး ပြန်လှန်သည့် သင်ခန်းစာလည်း ဖြစ်သည်။
- အကူအညီ ဖြစ်စေရန်အတွက် အပြုံမျက်နှာ နှင့် ဝမ်းနည်းသည့် မျက်နှာကို ဆွဲပြီး အသုံးပြုပါ။
- ထိုသူ လမ်းလျှောက်နိုင်ရန် မည်သည့်အရာက လုပ်ဆောင်ပေးသနည်း။ ထိုသူလမ်းလျှောက်နိုင်ခြင်းမှာ ယေရှု၏ တန်ခိုးတော်ကြောင့်သာ ဖြစ်ကြောင်း ကလေးများ အမှန်ပင် နားလည်နိုင်ပါသည်။

### သင်ကြားပေးပါ။

- ထိုအကြောင်းအရာ ပြီးသည့်နောက်တွင် ပေတရု နှင့် ယောဟန်တို့သည် ရှင်ပြန်ထမြောက်တော်မူသော ယေရှုအကြောင်းကို သက်သေခံ ဝေငှခဲ့ကြရာ လူများစွာ ယုံကြည်ခဲ့ကြသည်။ ***(တမန်၊ ၄း ၁-၂၊ ၄)*** ယေရှု ထမြောက်သည့်အကြောင်းကို ပေတရု ဟောပြောသည့်အခါ ဗိမာန်တော် အတွင်းရှိ လူတို့သည် အမျက်ထွက်ကြသည်။ သူတို့သည် ပေတရု နှင့် ယောဟန်တို့အား ဖမ်းဆီး၍ ထောင်ထဲ ထည့်လိုက်ကြသည်။ ***(တမန်၊ ၄း ၃)*** *ဤသို့ ဖမ်းဆီးခံရခြင်းမှာ သူတို့အတွက် မည်သို့ ဖြစ်မည်ကို ရှင်းပြပါ။*
- နောက်တစ်နေ့ နံနက်တွင် သူတို့အား ရုံးတော်တွင် စစ်ဆေးခဲ့ကြသည်။ ***(တမန်၊ ၄း ၅-၇)*** *ရုံးတော်ဆိုသည်မှာ လူဆိုးများကို တရားစီရင်သည့် လူ့အဖွဲ့အစည်းဖြစ်ကြောင်း ရှင်းပြပါ။*
- ထိုသူသည် မည်သို့ ကျန်းမာခဲ့ကြောင်း ရှင်းပြရန်အတွက် ပေတရုသည် သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီမစမှုကို ထပ်မံ ခံစားခဲ့ရသည်။ ***(တမန်၊ ၄း ၈-၁၂)*** ရုံးတော်မှ အပြစ်ရှာမတွေ့သည့် အတွက် ပေတရု နှင့် ယောဟန်တို့၏ အမှုကို ဆုံးဖြတ်ချက်ချရန် ခက်ခဲ ခဲ့သည်။ အပြန်အလှန် စကားပြောဆိုကြပြီးနောက်တွင် အံ့ဩဖွယ်နိမိတ်လက္ခဏာ ဖြစ်ခဲ့ကြောင်းကို သူတို့ သိခဲ့ကြသည်။ ယေရှု၏ အကြောင်းကို နောက်တဖန် မဟောပြောရန်သာ တားမြစ် ခဲ့ကြသည်။ ***(တမန်၊ ၄း ၁၃-၁၉)*** *ထိုသို့ တားမြစ်ချက်အပေါ် ပေတရု နှင့် ယောဟန်တို့သည် မည်သို့ ခံစားကြ မည်နည်း။ သူတို့ နာခံမည်လား။*
- ယေရှု၏ အကြောင်းကို မဟောပြောဘဲနေရမည်မှာ မဖြစ်နိုင်ကြောင်း ပေတရု နှင့် ယောဟန်တို့ သိထားကြသည်။ ***(တမန်၊ ၄း၂၀)*** *သူတို့သည် ယရှုအား ချစ်ကြသည့် အတွက် ယေရှု၏ အမိန့်တော်ကိုသာ နာခံရန် ဆုံးဖြတ် ခဲ့ကြသည်။ မည်သို့ပင် ဖြစ်စေကာမူ သခင်သည်  သူတို့နှင့်အတူ ရှိလိမ့်မည်ကို သူတို့သိကြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အား ကူညီလိမ့်မည် ဖြစ်သည်။*
- *မည်မျှပင် ခက်ခဲသည့် အခြေအနေ ဖြစ်စေကာမူ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုအား ချစ်ရန် နှင့် သူ၏ စကားတော်ကို နာခံရန် ယေရှု အလိုတော်ရှိသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ ပေတရု နှင့် ယောဟန် ဖမ်းဆီး ခံခဲ့ရသည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၊ ***ဟေဗြဲ၊ ၁၃း ၆*** ၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ နောက်ထပ် အကြောင်းအရာနှစ်ခုကို ထပ်၍ မသွားမီ ပထမ စကားလုံး ငါးလုံး နှင့် ကိုးကားခြင်းများကို အသုံးပြုခြင်းဖြင့် “အာဏာသားပါးကွက်” ကစားနည်းကို သင်ကစားနိုင်သည်။  အခန်းကဏ္ဍတစ်ခုစီကို ပြောရန် နှင့် ကိုးကားချက်များကို ရွတ်ဆိုရန် ကလေးများကို သုံးဖွဲ့ နှစ်ဖွဲ့ခွဲ၍ *ဤစကားလုံးများသည် ပေတရု နှင့် ယောဟန်တို့အား အကူအညီ ဖြစ်လိမ့်မည်ဟု သင်ထင်ပါသလား။ သူတို့ အကြောင်းကို သိရခြင်းဖြင့် ကျွန်ုပ်တို့အားလည်း ကူညီနိုင်ကြောင်း ရှင်းပြပါ။*

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

အောက်ဖော်ပြပါ အချက်များကို ကဒ်ငယ်များတွင် ရေးပြီး အိပ်တစ်ခုအတွင်း ထည့်၍ မဲနှိုက်စေခြင်းဖြင့် (မှား) / (မှန်) ဖြေဆိုစေပါ။ အချက်အလက် တစ်ခုစီအတွက် ရမှတ်များကို (၅-၁၀၀) ရေးမှတ်ထားပေးပါ။ အဖွဲ့ တုံ့ပြန်လက်ခံရန် ယှဉ်ပြိုင်စေပါ။

- ရဲသားတို့သည် ပေတရု နှင့် ယောဟန်အား အလွန်အမျက်ထွက်ကြသည်။
- သူတို့သည် ထောင်ထဲတွင် တစ်ည နေခဲ့ရသည်။
- သူတို့ လွတ်မြောက်ခဲ့သည့်အချိန်တွင် ရုံးတော်မှ သူတို့အား မေးခွန်းများ မေးခဲ့သည်။
- ပေတရုသည် ရုံးတော်၌ ယေရှု၏ တန်ခိုးတော်သည် ထိုသူအား ကျန်းမာစေသည် ဟု ပြောပြခဲ့သည်။
- ပေတရု နှင့် ယောဟန်တို့.သည် ရုံးတော်တွင် ဟောပြောနိုင်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်က ကူညီပေးခဲ့သည်။
- ပေတရု နှင့် ယောဟန်တို့သည့် ရုံးတော်မှ လွတ်မြောက် လာခဲ့ကြသည်။
- ရုံးတော်မှ ပေတရု နှင့် ယောဟန်တို့အား ယေရှုအကြောင်းကို မဟောပြောကြရန် စီရင်၍ တားမြစ်ခဲ့ကြသည်။
- ရုံးတော်၏ တရားစီရင်ခြင်းကို နာခံရမည်ဟု ပေတရု နှင့် ယောဟန်တို့ ပြောခဲ့ကြသည်။

<u>က ၇ ပုံပြင် ၄</u>

## ပေတရု လွတ်မြောက်ခဲ့သည်။ - ဤပုံပြင်သည် ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးသည့် အကြောင်းဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ဘုရားသခင်သည် သူ၏ တန်ခိုးတော်ကို ပေးခဲ့သည်။ သူ၏အမှုတော်ကို လုပ်ဆောင်နိုင်ရန်အတွက် ခရစ်ယာန်များကို ကူညီပေးခဲ့သည်။
- ကျွန်ုပ်တို့ တွေ့ကြုံရသည့် အခြေအနေတိုင်းတွင် ဆုတောင်းခြင်းသည် အရေးကြီးသည်။

**အ³ကသော့ချက်ကျမ်း** ***တမန်၊ ၄း ၃၁ သို့မဟုတ် မသဲ၊ ၆း ၃၃***

**ကျမ်းညွှန်း။** ***တမန်၊ ၄း ၂၃- ၃၁***

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ကလေးများ သူတို့၏မိသားစု သို့မဟုတ် သူငယ်ချင်းများထံ ဝေမျှပြောပြလိုချင်စိတ် ဖြစ်စေမည့် သတင်းကိုပြောပါ။ ဖြစ်နိုင်ပါက ပြိုင်ပွဲတွင် အနိုင်ရခြင်း၊ သို့မဟုတ် အားလပ်ရက်တွင် အလည်သွားခြင်း စသည့် အလွန်စိတ်လှုပ်ရှားစရာ ဖြစ်စေသည့် သတင်းမျိုး အကြောင်းကို ပြောပြပါ။

သို့မဟုတ် သူတို့ စိုးရိမ်သည့် အကြောင်းအရာ တစ်ခုအကြောင်းကို သူငယ်ချင်းများထံ ပြောပြပြီး ကူညီခဲ့သည့်အကြောင်း ပြောပြပါ။

### သင်ကြားပေးပါ။

- ပေတရု နှင့် ယောဟန်တွင် သူတို့၏ သူငယ်ချင်းများထံ ပြောပြရန် အထူးသတင်းရှိသည်။ ***(တမန်၊ ၄း ၂၃)*** သတင်းကောင်းမှာ သူတို့ ထောင်မှ လွတ်မြောက်လာခြင်း ဖြစ်ပြီး၊ သို့သော် သတင်းဆိုးမှာ ယေရှု၏ အကြောင်းကို မဟောပြောရန် တားမြစ်ခံရခြင်း ဖြစ်ကြောင်း ရှင်းပြပါ။
- ပေတရု နှင့် ယောဟန်တို့၏ သူငယ်ချင်းများသည် ဆုတောင်းရန် သတိရှိစွာ ဆုံးဖြတ်ခဲ့ကြသည်။ ***(တမန်၊ ၄း ၂၄-၃၀)*** ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားကြောင်း သူတို့ သိသည်။ သူတို့အား တားမြစ်သည့် လူများထက် ဘုရားသခင်သည် သာ၍ ကြီးမြတ်ကြောင်း သူတို့ သိထားကြသည်။ သူတို့ ဆုတောင်းသည့်အခါ ဘုရားသခင်သည် သူ၏ တန်ခိုးတော်ကို အသုံးပြု၍ အံ့ဩဖွယ်ရာ ပြုလုပ်ခဲ့သည့် အကြောင်းကို သူတို့ သတိရကြသည်။ ဘုရားသခင်သည် သူတို့အား ခွန်အားပေးရန်နှင့် ယေရှု၏ တန်ခိုးတော်အားဖြင့် သာ၍ ကြီးမားသော နိမိတ်လက္ခဏာများ ပြုရန် သူတို့ တောင်းလျှောက်ကြသည်။ ***(တမန်၊ ၄း၂၉-၃၀)***
- သူတို့ ဆုတောင်းသည်နှင့် ချက်ခြင်း ဘုရားသခင်းသည် သူတို့အား အဖြေ ပေးခဲ့သည်။ ***(တမန်၊ ၄း ၃၁)*** သူတို့သည် *သခင်ယေရှု၏ အကြောင်းကို ဟောပြောရာတွင် သူတို့အား ကူညီရန် သူတို့နှင့်အတူ ရှိသည့် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်ကို ဘုရားသခင်သည် သူတို့ထံ တဖန် ဖော်ပြခဲ့သည့်အတွက်ကြောင်း သူတို့ဆုတောင်းနေသော အဆောက်အဦးသည် တုန်လှုပ်ခဲ့သည်။*
- *လုပ်ဆောင်ရန် ခတ်ခဲသည့် အရာများအတွက် ဘုရားသခင်ထံ ကျွန်ုပ်တို့ ဆုတောင်းနိုင်ကြောင်း ရှင်းပြပါ။*
- *ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို နားညောင်းပြီး အဖြေပေးသည်။ ဤပုံပြင်တွင် ပါဝင်သော သူများကဲ့သို့ သခင်ယေရှုအား ဦးစားပေးနိုင်ရန် သူ ကူညီပေးမည် ဖြစ်သည်။*
- *အဆင့် ၂ ကလေးများ အတွက်မူ ၊ သခင်ယေရှု၏ သတင်းကောင်း အကြောင်းကို ဟောပြော သက်သေခံသည့် အတွက် အခြားသူများ၏ နှောက်ယှက် တားဆီးခြင်း ခံစားကြရသည့် ခရစ်ယာန်များ၏ အသက်ရှင်နေထိုင်ခြင်း အကြောင်းကို ပြောပြပါ။ သူတို့၏ အသက်တာတွင် သခင်ယေရှုအား ပထမ နေရာတွင် ဦးစားပေးနိုင်သည့် ခွန်အား ရှိရန် သူတို့အတွက် ကျွန်ုပ်တို့ ဆုတောင်းပေး နိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ပေတရု နှင့် ယောဟန် ဖမ်းဆီး ခံခဲ့ရသည်။

### သင်ယူစေပါ

အဓိက သော့ချက်ကျမ်း ***ဖြစ်သော တမန်၊ ၄း၃၁ သို့မဟုတ် မသဲ၊ ၆း၃၃*** ထဲရှိ အရေးကြီးသည့် အရာများကို ရှင်းပြပြီး သင်ပေးပါ။ ***မသဲ၊ ၆း၃၃*** ထဲရှိ "ရှာကြလော့" ဆိုသော စကားလုံး၏ ရိုးရှင်းသောအဓိပ္ပာယ်မှာ နေရာချထားခြင်းကို (ထားရှိခြင်း)ကို ဆိုလိုခြင်း ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော် ဆိုသော အဓိပ္ပာယ်မှာ သခင်ယေရှု အပါအဝင် ဘုရားသခင် အတွက် အရေးကြီးသော အရာများအားလုံး ကို ဆိုလိုခြင်း ဖြစ်သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

က ၇ ရှိ ပုံပြင် လေးခုစလုံးမှ အခြေခံ မေးခွန်းတိုများ။

- ယေရှု၏ တပည့်တော်များသည် အဘယ်ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို လိုအပ်သနည်း။
- သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသည့်အခါ တပည့်တော်တို့သည် မည်သည့်အရာကို မြင်ကြသနည်း။
- အဓိကသော့ချက်ကျမ်းကို ပြီးအောင်ဆက်ရေးပါ။ " ထို့ကြောင့် သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရားသခင်သည် .......... ဂင်း၊ .......... ဂင်း၊ ခန့်ထားတော်မူသည်။" ***(တမန်၊ ၂း ၃၆)*** ပုံပြင် ၁
- လူတစ်ဦးသည် ဗိမာန်တော် တံခါးတွင် အဘယ်ကြောင့် တောင်းစားနေ သနည်း။
- ထိုသူ လမ်းမလျှောက်နိုင်သည်မှာ မည်မျှ ကြာပြီးနည်း။
- အဓိကသော့ချက်ကျမ်းမှ လိုနေသည့် စကားလုံးများကို ဖြည့်ပါ။ " နာဇရက်မြို့သား ယေရှုခရစ်၏ နာမ၌ .......... ..........။
- ဤနိမိတ်လက္ခဏာက ယေရှု၏ အကြောင်းကို မည်သို့ သက်သေ ပြသနည်း။
- ပေတရု နှင့် ယောဟန်တို့သည် အဘယ်ကြောင့် ထောင်ကျခံရ သနည်း။
- ရုံးတော်မှ သူတို့အား မည်သည့် အရာကို မလုပ်ရန် တားမြစ် ခဲ့ကြသနည်း။
- ပေတရု၊ ယောဟန်တို့၏ သူငယ်ချင်းများ ဆုတောင်းသံကို ဘုရားသခင် အဖြေပေးသည့်အခါ မည်သည့်အရာ ဖြစ်ခဲ့သနည်း။

## က ၈ ပုံပြင် ၁

## ဒေါ်ကာအား ပေတရု ကူညီပေးခဲ့သည်။ - ဤပုံပြင်သည် ဒေါ်ကာ အသက်ပြန်ရှင်လာသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- သခင်ယေရှုခရစ်၏ တန်ခိုးတော်သည် ပေတရု အားဖြင့် ဒေါ်ကာကို ကျန်းမာ စေခဲ့သည်။
- ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုကို ကျွန်ုပ်တို့ တုန့်ပြန်လက်ခံရန် လိုအပ်သည်။

**အဓိကသော့ချက်ကျမ်း** *တမန်၊ ၉း ၄၂*

**ကျမ်းညွှန်း။** *တမန်၊ ၉း ၃၂- ၄၃*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- အကူအညီလိုအပ်သော သူများထံ ကျွန်ုပ်တို့တွင် ရှိသောအရာများနှင့် ဝေမျှကူညီနိုင်သည့် နည်းလမ်းများကို ပြောပါ။ ဖြစ်နိုင်လျှင် ဥပမာ ပေးရန် သင်ထောက်ကူပစ္စည်း တစ်ခုခုကို အသုံးပြုပါ။ ဥပမာ ပိုက်ဆံ၊ အစားအစာ၊ အဝတ်အထည်၊ စသည်ဖြင့်။
- ဒေါ်ကာသည် သခင်ယေရှုကို ချစ်ပြီး အလွန် သနားကြင်နာတက်သည့် အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း မိတ်ဆက်ပေးပါ။ ထို့အတွက်ကြောင့် သူမသည် သူတစ်ပါးအား ကူညီပေးခြင်းဖြင့် သူမ၏အချိန်များကို ကုန်လွန်စေခဲ့သည်။ သူမသည် စက်ချုပ်ကျွမ်းကျင်ပြီး ဆင်းရဲသောသူများအတွက် အဝတ်အထည်များ ချုပ်ပေးခဲ့သည်။

### သင်ကြားပေးပါ။

- တစ်နေ့သောအခါ ဒေါ်ကာသည် အလွန်ဖျား၍ ကွယ်လွန်သွားခဲ့သည်။ ***(တမန်၊ ၉း၃၇)*** *သူမ၏ သူငယ်ချင်းများသည် မည်သို့ ခံစားကြရမည်နည်း။*
- ခရစ်ယာန်နှစ်ဦးသည် ပေတရုအား ရှာဖွေရန်အတွက် ယုပ္ပေမြို့နှင့် နီးသည့်မြို့သို့ သွားရောက်ခဲ့ကြသည်။ ***(တမန်၊ ၉း ၃၈-၃၉)***
- ပေတရုသည် ဒေါ်ကာရှိသော အိမ်သို့ တည့်တည့်မှတ်မှတ် လာခဲ့သည်။ ***(တမန်၊ ၉း ၄၀-၄၁)*** *ရှေဦးစွာ ပေတရု၏ ဆုတောင်းခြင်း ၊ ထို့နောက် သူမထံ စကားပြောခြင်း ၊ သူမ ထရပ်နိုင်ရန် သူမ၏ လက်ကို ကူမပေးခြင်း စသည့် အကြောင်းအရာများကို အသေးစိတ် ရှင်းပြပေးပါ။ ဒေါ်ကာ အသက်ပြန်ရှင်လာခဲ့သည်။ ပေတရု စတင် ရောက်ရှိလာသော အချိန်တွင် ပေတရု ကြုံတွေ့ရသော အခြေအနေနှင့် ဒေါ်ကာ အသက်ပြန်ရှင်လာသောခါ ပျော်ရွှင်မှုတို့ကို နှိုင်းယှဉ်ကြည့်ပါ။ ဤနိမိတ်လက္ခဏာသည် သူ၏ အသက်တာအားဖြင့် အလုပ်လုပ်ခဲ့သည့် သခင်ယေရှု၏ တန်ခိုးတော်ကြောင့်သာ ဖြစ်ကြောင်း အလေးထား သင်ပေးပါ။*
- လူများစွာတို့သည် သခင်ယေရှုကို ယုံကြည်လာကြသည်။ (တမန်၊ ၉း ၄၂)
- *ဒေါ်ကာ အသက်ပြန်ရှင်လာသည်ကို တွေ့ခဲ့ကြသည့် သူတို့သည် သခင်ယေရှုကို ယုံကြည်ခဲ့ကြ သကဲ့သို့ ကျွန်ုပ်တို့လည်း သခင်ယေရှုကို ယုံကြည်ကြရမည်။*
- *ဤအဓိပ္ပာယ်မှာ မည်သို့ ဖြစ်ကြောင်း ရိုးရှင်းစွာ ရှင်းပြပါ။ သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ရမည်။ သူသည် အသက်ရှင်သော ဘုရားဖြစ်ပြီး၊ ကျွန်ုပ်တို့၏ အပြစ်များကို အဝေးသို့ သယ်ဆောင်သွားနိုင်သည်။ သခင်ယေရှုအား ယုံကြည်ခြင်း ဆိုသည်မှာ သူအား လုံးလုံးကိုးစားခြင်း ဖြစ်ကြောင်း ရှင်းပြပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

ပြပါ။ ။ တဗိသ ဒေါ်ကာ အသက်ပြန်ရှင်လာသည်

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း - ***တမန်၊ ၉း ၄၂*** ကို သင်ပေးပါ။

*ဤအဓိကသော့ချက်ကျမ်းသည် ကလေးငယ်များ အတွက်ပင် သင်ယူရန် လွယ်ကူပေလိမ့်မည်။ သူတို့ အမှန်နားလည် ၊ မလည် စမ်းစစ်ပါ။ "လူများ" ဆိုသော စကားလုံးကို သူတို့ နားလည်မလည် စမ်းစစ်ပါ။ သူတို့သည် သခင်ယေရှုကို ယုံကြည်ရန် မည်သည့်အရာက လုပ်ဆောင်ပေး သနည်း။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။ လူတစ်ဦးသည် သခင်ယေရှုကို မည်သို့ ယုံကြည်နိုင် သနည်း။*

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ဒေါ်ကာသည် မည်သည့်မြို့တွင် နေထိုင်သနည်း။
- သူမသည် အခြားသူများကို မည်သို့ အကူအညီ ပေးသနည်း။
- သူမသည် အဘယ်ကြောင့် အခြားသူများကို အကူအညီ ပေးရသနည်း။
- ဒေါ်ကာ သေဆုံးသည့်အခါ သူမ၏ သူငယ်ချင်းများ မည်သို့ ခံစားကြသနည်း။
- မည်သူတို့သည် ပေတရုအား သွားရောက် ရှာဖွေခဲ့သနည်း။
- ပေတရုသည် ဒေါ်ကာ၏ အိပ်ယာဘေးတွင် ဒူထောက်ပြီး ဘာလုပ်ခဲ့သနည်း။
- ပေတရုသည် ဒေါ်ကာထံ ဘာပြောခဲ့သနည်း။
- ပေတရုသည် ဒေါ်ကာထံ စကားပြောပြီးနောက် သူဘာလုပ်ခဲ့သနည်း။
- ဒေါ်ကာ အသက်ပြန်ရှင်လာသောအခါ လူများစွာတို့သည် ဘာလုပ်ခဲ့ကြသနည်း။
- အဓိကသော့ချက်ကျမ်းကို မည်သည့် နေရာတွင် တွေ့ရှိရသနည်း။

## ဣ ၈ ပုံပြင် ၂

## ပေတရုသည် ဘုရားသခင်ထံမှ သင်ယူသည်။ - ဤပုံပြင်သည် လူတိုင်းအတွက် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ပေတရုသည် ဘုရားသခင် စေခိုင်းသမျှကို လုပ်ဆောင်ရန် နာခံသည်။
- ဘုရားသခင်သည် လူတိုင်းကို ချစ်၍၊ လူတိုင်းအား သခင်ယေရှု၏ သတင်းကောင်း အကြောင်းကို သိစေလိုသည်။

**အဓိကသော့ချက်ကျမ်း** ။ *ယောဟန်၊ ၃း၁၆*
**ကျမ်းညွှန်း။** ။*တမန်၊ ၁၀း ၉-၂၃*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- အခြားတိုင်းပြည်များမှ လူများသည် ကျွန်ုပ်တို့ တိုင်းပြည်မှ လူများနှင့်မတူ ခြားနားကြောင်းကို ပြောပြပါ။ ဖြစ်နိုင်လျှင် ရုပ်ပုံသို့မဟုတ် ဓာတ်ပုံများကို အသုံးပြု၍ ပြောပြပါ။
- အသားအရောင် ကွဲပြားခြင်း၊ ဆံပင်၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား စသည်ဖြင့် ကွဲပြားသည့် အကြောင်းကို ရှင်းပြပါ။
- ဘုရားသခင်သည် လူသားအားလုံးကို ဖန်ဆင်းထားသည်။ သူ၏အကြောင်းနှင့်၊ သားတော် သခင်ယေရှု၏ အကြောင်းကို လူသားအယောက်စီတိုင်းအား သင်ယူစေလိုသည်။

### သင်ကြားပေးပါ။

- ပေတရုသည် ယုပ္ပေမြို့၌ ဆုတောင်းနေစဉ် (ဣ ၈ ပုံပြင် ၂ နှင့် ဆက်စပ်နေသည်။) ဘုရားသခင်သည် လူသားအားလုံးကို ချစ်ကြောင်း ပေတရုထံ ပြောခဲ့သည်။ ***(တမန်၊ ၁၀း ၉- ၁၆)*** *ရူပါရုံ အသေးစိတ်ကို ပြောပြရန် မလိုအပ်ပေ။ ထိုအမှန်တရားသည် ပေတရုအတွက် လက်ခံရန် ခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော သူသည် ယုဒလူမျိုးဖြစ်ပြီး၊ ယခုတိုင်အောင် ယုဒလူမျိုး တစ်မျိုးတည်းသာ ဘုရားသခင်အတွက် အရေးပါသည်ဟု သူထင်နေဆဲဖြစ်သည်။ လူတိုင်းသည် ဘုရားသခင် အတွက် အရေးပါကြောင်း သူသင်ယူခဲ့ရသည်။ ထိုအကြောင်းကို  အဆင့် ၂ ကျောင်းသားများအား ပြောပြပါ။*
- ဧည့်သည် သုံးဦး ရောက်ရှိလာပြီး၊ ပေတရုအား သူတို့နှင့်အတူ ကော်နေလိအိမ်သို့ လိုက်ပါရန် ဖိတ်ခေါ်ခဲ့ကြသည်။ ***(တမန်၊ ၁၀း ၁၇-၂၂)*** *ကော်နေလိသည် အရေးပါသည့် ရောမတပ်မှူး ဖြစ်ပြီး၊ ဘုရားသခင်၏ အကြောင်းကို ပိုမိုသင်ယူလိုသောသူ ဖြစ်ကြောင်း ရှင်းပြပါ။ ကော်နေလိသည် ပေတရုနှင့် မတူညီဘဲ ခြားနားသောသူဖြစ်ပြီး၊ ယခင်က သူတို့ကဲ့သို့သော သူများထံသို့ ပေတရု သွားရောက် လည်ပတ်လေ့ မရှိပေ။ ယခုတွင် သွားရန် မှန်ကန်သည်ဟု ပေတရု သိခဲ့သော အကြောင်းမှာ (၁) ဘုရားသခင်ထံမှ  သင်ကြားခြင်းခံခဲ့ရခြင်း၊ (၂) သန့်ရှင်းသောဝိညာဉ်တော် သူအား လမ်းပြပေးခြင်းအားဖြင့်  ဖြစ်ကြောင်း ရှင်းပြပါ။*
- (မိုင် ၄၀ ဝေးသော) နေရာတွင် ရှိသော ကဲသရိမြို့ရှိ ကော်နေလိအိမ်သို့ ပေတရု သွားခဲ့သည်။ ***(တမန်၊ ၁၀း ၂၃)*** *ဤအကွာအဝေးကို အမှတ်အသားအချို့ဖြင့် ကြိုးစားပုံဖော်ပြီး အကွာအဝေးကို  နှိုင်းယှဉ်ပြခြင်းဖြင့် ကလေးများ မြင်သာနိုင်ရန် ပြုလုပ်ပေးပါ။ ဤခရီးကို သွားရန် တစ်နေ့လုံး အချိန်ပေးရမည် ဖြစ်သည်။ ဘုရားသခင်ထံ ပေတရု၏ နာခံခြင်းကြောင့် ဤခရီးကို သွားခဲ့ခြင်း  ဖြစ်ကြောင်း အလေးထား၍ သင်ကြားပေးပါ။*
- *လူသားတိုင်းကို ဘုရားသခင် ချစ်ကြောင်း လူသားအားလုံးကို သိစေလိုသောအချက်ကို အလေးထားပါ။ လူတိုင်း အပြစ်ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် ဘုရားသခင်သည် သူ၏ တစ်ပါးတည်းသော သားတော်ကို လက်ဝါးကပ်တိုင်တွင် အသေခံရန်အတွက် စေလွှတ်ခဲ့သည်။*
- *သင်သည် သခင်ယေရှုကို ယုံကြည်လက်ခံပြီးသောသူ ဖြစ်ပါက အခြားသောသူများ ယေရှု အကြောင်းသိရန် သင်ကူညီပေးနိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ ပေတရုသည် ယေရှုအကြောင်းကို ကော်နေလိထံ ပြောပြသည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း ဖြစ်သော ***ယောဟန်၊ ၃း ၁၆*** အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ပေတရုနှင့်အတူ နေထိုင်သောသူမှာ မည်သူနည်း။
- ပေတရုသည် နေ့လည်အချိန်တွင် ဘာလုပ်နေသနည်း။
- ဘုရားသခင်သည် ပေတရုထံ စကားပြောသည့်အခါ သူအား မည်သည့်အရာကို သိစေလိုခဲ့သနည်း။
- ပေတရုအား ရှာရန် လူမည်မျှ လာခဲ့သနည်း။
- ပေတရုသည် မည်သူထံ သွားရမည်နည်း။
- ကော်နေလိသည် မည်သည့်အလုပ် လုပ်သောသူ ဖြစ်သနည်း။
- ပေတရုသည် အဘယ်ကြောင့် ကော်နေလိအိမ်သို့ သွားခဲ့သနည်း။
- ဘုရားသခင်သည် ကမ္ဘာပေါ်ရှိ လူသားအားလုံးကို ချစ်ကြောင်း မည်သို့ ပြခဲ့သနည်း။

**လုပ်ဆောင်ပါ။** ။ ပုံပြင်ထဲရှိ ဧည့်သည်များ ရောက်ရှိလာသည့်အပိုင်းကို သရုပ်ဆောင်ခြင်းဖြင့် ပုံပြင် ၃ ကို ဆက်ပါ။
လူငယ်ခေါင်းဆောင်များမှ ပေတရု နှင့် ဧည့်သည်သုံးဦးအဖြစ် သရုပ်ဆောင် ပြနိုင်သည်။

<u>က ၈ ပုံပြင် ၃</u>

## ပေတရု နှင့် ကော်နေလိ - ဤပုံပြင်သည် ရောမတပ်မှူးတစ်ဦးအား ဘုရားသခင် ကယ်တင်ခဲ့သည့် အကြောင်း ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>• ကော်နေလိသည် သခင်ယေရှုကို ပထမဦးဆုံး ယုံကြည်လာသည့် ယုဒအမျိုး မဟုတ်သည့် (တစ်ပါးအမျိုးသား) ဖြစ်သည်။ ဤအရာသည် အဘယ်သို့ ဖြစ်နိုင်ပါသနည်း။<br>• ဘုရားသခင်အား ယုံကြည်သောသူ အယောက်စီတိုင်းကို ဘုရားသခင်သည် အပြစ်ခွင့်လွှတ်ပေးရန် အလိုတော်ရှိသည်။<br><br>**အဓိကသော့ချက်ကျမ်း** *တမန်၊ ၁၀း ၄၃*<br>**ကျမ်းညွှန်း။** *တမန်၊ ၁၀း၂၃-၄၈* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | • ဤပုံပြင်သည် ပြီးခဲ့သည့်အပတ်မှ ပုံပြင် အဆက်ဖြစ်သည်။ အတိအကျ ရွေးချယ်ထားသည့် အချက်များမှ မေးခွန်းတို အချို့ကို မေးရန် သင့်လျော်သည်။<br>• ဤအရာကို လုပ်ဆောင်ခြင်းဖြင့်၊ သင်၏ပတ်ဝန်းကျင်တွင် အရေးကြီးသည့် အဖြစ်အပျက်အချို့၏ ဥပမာကို သင်၏ ကလေးငယ်များထံ ပြောပြနိုင်သည်။ ဥပမာ၊ သတင်းကောင်းကို ကြားသိနိုင်ရန် လူများကို အတူ စုစည်းပေးခြင်း။ |
| **သင်ကြားပေးပါ။** | • ကော်နေလိ အိမ်သို့ ပေတရု ရောက်ရှိလာခဲ့သည်။ ***(တမန်၊၁၀း ၂၄-၃၃)*** *ထိုအဖြစ်အပျက်၏ အခြေအနေကိုဆွဲရန် ကလေးများကို ကူညီပေးပါ။ အိမ်သည် ကော်နေလိ၏ မိသားစု၊ သူငယ်ချင်းများ နှင့် ပြည့်နေပြီး၊ ပေတရုအား တွေ့ရန် အယောက်စီတိုင်း စောင့်ဆိုင်းနေကြသည်။* ကော်နေလိသည် ပေတရုအား အထူးဧည့်သည်တော်အဖြစ် ဧည့်ခံလိုသည်အတွက် ပေတရု၏ ရှေ့မှောက်တွင် ဦးချလိုက်သည်။ ပေတရုသည် သူ့အား မတ်တတ်ပြန်ထ စေခဲ့သည်။ အဘယ်ကြောင့်ဆိုသော သာမန်လူတစ်ဦးကို ဦးမချသင့်ပေ။ ပေတရုအား စေလွှတ်ပေးမည် ဟု သူထံ ဘုရားသခင် ပြောခဲ့သည့်အကြောင်းကို ကော်နေလိသည် ပေတရုထံ ရှင်းပြခဲ့သည်။ *သူတို့နှစ်ဦး တွေ့ဆုံနိုင်ရန် ဘုရားသခင် ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်ကြောင်း သင် ပြောပြနိုင်သည်။*<br>• ပေတရု၏ ဟောပြောချက်။ ***(တမန်၊ ၁၀း ၃၄-၄၃)*** *လူသားတိုင်း ဘုရားသခင်ကို ယုံကြည်ရန် ဘုရားသခင် အလိုတော်ရှိသည့် အကြောင်း၊ ပေတရု မည်သို့ ဟောပြောခဲ့ကြောင်း ရှင်းပြပါ။*<br>• *သူတို့အား ပေတရု ပြောပြခဲ့သည့် သခင်ယေရှု အကြောင်းနှင့် ပတ်သက်သည့် အမှန်တရားကို ပြောပါ။ ယေရှုသည် ကောင်းသော အမှုများကို ပြုသည်၊ လူနာ များကို ကျန်းမာခြင်းပေးခဲ့သည်၊ သူ့အား အသေသတ်ခဲ့ကြသည်၊ ဘုရားသခင်၏ တန်ခိုးတော်သည် သူ့အား ရှင်ပြန်ထမြောက် စေခဲ့သည် ဟု ပေတရု ရှင်းပြခဲ့သည်။ သခင်ယေရှုသည် တစ်နေ့ တရားစီရင်လိမ့်မည်။ သို့သော်လည်း အလွန်အရေးကြီးသော အရာတစ်ခုမှာ သူ့အား ယခု ယုံကြည်သော သူများကို အပြစ်ခွင့်လွှတ်ခြင်း ပေးရန်အတွက် သူကမ်းလှမ်းလျက်ရှိသည်။*<br>• တရားနာသူများ၏ တုန့်ပြန်ချက်။ ***(တမန်၊ ၁၀း ၄၄-၄၈)*** ပေတရု ဟောပြောသော အရာကို သူတို့ နားလည်နိုင်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် ကူညီပေးခဲ့သည်။ သခင်ယေရှုကို ယုံကြည်သော သူတို့သည် အပြစ်ခွင့်လွှတ်ခြင်း ခံစားရကြသည်။<br>• *ကျွန်ုပ်တို့သည် သခင်ယေရှု၏ သတင်းကောင်းကို ကြားသည့်အခါ ထိုသူတို့ကဲ့သို့ပင် သခင်ယေရှုကို တုန့်ပြန်၍ လက်ခံရမည် ဖြစ်သည်။ သခင်ယေရှုကို ယုံကြည်သောအားဖြင့် ကျွန်ုပ်တို့ အပြစ်များလည်း ခွင့်လွှတ်ခြင်း ခံစားရမည် ဖြစ်သည်။*<br><br>**သင်ခန်းစာကို ပြီးမြောက်စေပါ။**<br>**ပြပါ။** ။ ပေတရုသည် ယေရှုအကြောင်းကို ကော်နေလိထံ ပြောပြသည်။ |
| **သင်ယူစေပါ** | အဓိက သော့ချက်ကျမ်း ဖြစ်သည့် ***တမန်၊ ၁၀း ၄၃*** *ကို ရှင်းပြပြီး၊ သင်ပေးပါ။ "ယုံကြည်သောသူရှိသမျှ" နှင့် "အပြစ်လွှတ်တော်မူခြင်း" တို့၏ အဓိပ္ပာယ်ကို ရှင်းပြပါ။* |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | မေးခွန်းတိုများ အများကြီး မေးမည့်အစား အဓိကသော့ချက်ကျမ်းကို စာလုံးကြီးဖြင့် ရေး၍ ထိုကျမ်းချက်ဘေးတွင် ဖြတ်ညှပ်ထားသည့် ပုံများ ကပ်ပေးခြင်းဖြင့် အကြံကောင်းများ ပြုလုပ်နိုင်သည်။ ကလေး အယောက်စီတိုင်းသည် မိမိတို့၏ မျက်နှာပုံများ ရေးဆွဲနိုင်သည်။ ပေတရု သင်ယူခဲ့ရသည့် ဘုရားသခင်၏ စစ်မှန်သော ချစ်ခြင်းမေတ္တာ အကြောင်း နားလည်ရန် ဤအချက်က ပိုမိုကူညီရာ ရောက်သည်။ "ယုံကြည်သမျှသောသူ" ဆိုရာတွင် အယောက်စီတိုင်း ပါဝင်ကြောင်း နားလည်နိုင်ရန် သူတို့အား ကူညီပေးခြင်း ဖြစ်သည်။<br><br>**လုပ်ဆောင်ပါ။** ။ ပုံပြင် ၂ မှ အကြံပြုထားသည့်အတိုင်း ဤနေရာတွင် ပြုလုပ်နိုင်သည်။ |

## <u>က ၈ ပုံပြင် ၄</u>

## ပေတရု ကယ်နှုတ်ခြင်း ခံခဲ့ရသည်။ - ဤပုံပြင်သည် ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ပေတရု၏ သူငယ်ခြင်းများသည် ပေတရု အတွက် ဆုတောင်း ပေးကြသည်။
- ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အဖြေပေးရန် ဘုရားသခင်သည် အံ့သြဖွယ် နည်းလမ်းကို ရွေးချယ် အသုံးပြုနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *ယာကုပ်၊ ၅း၁၆*

**ကျမ်းညွှန်း။** *တမန်၊ ၁၂း ၁- ၁၉*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- ဖုန်းကို အသုံးပြုခြင်းဖြင့် သူငယ်ချင်းများထံ စကားပြောခြင်း၊ သို့မဟုတ် တစ်စုံတစ်ဦးထံမှ အကူအညီ တောင်းခံခြင်း၊ စသည့်အကြောင်းများကို ပြောပါ။ လက်ကိုင်ဖုန်းရှိပါက သင်ထောက်ကူ ပစ္စည်းအဖြစ် အသုံးပြုပါ။
- ဆုတောင်းခြင်း သဘောမှာ ဘုရားသခင်ထံ စကားပြောခြင်း ဖြစ်ကြောင်း ပြန်ပြောပြပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ပြန်၍ စကား မပြောပေ။ သို့သော် သူသည် ကျွန်ုပ်တို့၏ စကားကို အမြဲနားထောင် ပေးသည်။ ဘုရားသခင်၌ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို အဖြေပေးနိုင်သည့် တန်ခိုးတော် ရှိသည်။
- ယနေ့ ပုံပြင်ထဲတွင် သူငယ်ချင်းတစ်စုတို့သည် အလွန်အရေးကြီးသည့် အကြောင်းအရာ တစ်ခုအတွက် ဆုတောင်းခဲ့ကြသည်။

**သင်ကြားပေးပါ။**

- ထောင်ထဲမှ ပေတရု။ ***(တမန်၊ ၁၂း ၁-၄)*** ဟေရုဒ်မင်းသည် သခင်ယေရှု၏ နောက်လိုက်များကို အလွန်မုန်းတီးသည်။ ယာကုပ်ကို သတ်လိုက်သည်။ မကြာမီ ပေတရုအား ဖမ်းဆီးပြီး၊ ထောင်ထဲ ထည့်လိုက်သည်။ *ပေတရုသည် ပထမတစ်ကြိမ် ထောက်ထဲ ရောက်ခဲ့ဖူးကြောင်း ပြန်ပြောပြပါ။* ***(တမန်၊ ၄း ၃ -က ၇ ပုံပြင် ၃)***
- ပေတရု၏ သူငယ်ချင်းများ ဆုတောင်းသည်။ ***(တမန်၊ ၁၂း ၅)*** *ဆုတောင်းခြင်းသည် လုပ်ဆောင်ရန် အကောင်းဆုံး နည်းလမ်း ဖြစ်ရသည့်အကြောင်းမှာ အဘယ်ကြောင့်နည်း။ ဆွေးနွေးပါ။*
- ထောင်မှ လွတ်မြောက်လာခြင်း။ ***(တမန်၊ ၁၂း ၆-၁၀)*** ထိုအဖြစ်အပျက်သည် ပေတရု စစ်ဆေးခြင်းမခံမီ တစ်ညတွင် ဖြစ်ခဲ့သည်။ *(ထိုစစ်ဆေးခြင်း၏ ရလဒ်သည် မည်မျှအရေးကြီးကြောင်း ရှင်းပြပါ။)* ပေတရုသည် စစ်သားနှစ်ဦးကြားတွင် သံကြိုးနှင့် ချည်နှောင် ခံထားရသည်။ သို့သော် သူသည် နှစ်ကြိုက်စွာ အိပ်ပျော်နေသည်။ ပေတရုသည် ကောင်းကင်တမန်အားဖြင့် မည်သို့ လွတ်မြောက် လာခဲ့သည့် အကြောင်းကို အသေးစိတ် အာရုံစိုက်နိုင်ရန် ပြဇာတ်ပုံစံဖြင့် ပြောပြပါ။ ထိုနေရာတွင် မယုံနိုင်စရာ အံ့သြမှုကြီး ဖြစ်ခဲ့သည်။ အိပ်မက်မက်နေသည်ဟု ပေတရု ထင်ခဲ့သည်။
- သူငယ်ချင်း၏ အိမ်၌ ပေတရု။ ပေတရုသည် လမ်းပေါ် ရောက်သွားသောအခါ ၊ ဘုရားသခင်သည် သူ့အား ကယ်နှုတ်ခဲ့ကြောင်းကို သူကောင်းစွာ နားလည်လိုက်သည်။ *ထိုအခါ ပေတရု မည်သို့ ခံစားနေမည်နည်း။* သူ၏ သူငယ်ချင်းများ ရှိသောအိမ်သို့ တည့်တည့်မတ်မတ် သူ သွားခဲ့သည်။ ***(တမန်၊ ၁၂း ၁၁-၁၇)*** သူ၏ တံခါး ခေါက်သံကို ရောဒေသည် သိပြီး သူအား တခါး ဖွင့်ပေးလိုက် ကြသည်။ သူတို့ အံ့သြခဲ့ကြ ပါသလား။
- *ဘုရားသခင်ထံ ကျွန်ုပ်တို့ ဆုတောင်းနိုင်သည့် အခြေအနေ အကြောင်းကို ဆွေးနွေးပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အမြဲ နားညောင်းပြီး၊ ကျွန်ုပ်တို့အတွက် အကောင်းဆုံး ဖြစ်သည့် နည်းလမ်းများဖြင့် ထိုဆုတောင်းချက်များကို အမြဲအဖြေ ပေးလေ့ရှိသည်။*
- *ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများကို ဘုရားသခင် အဖြေပေးသည့်အခါ ဘုရားသခင်ထံ ကျေးဇူးတင်လျက် ကျေးဇူးတော် ချီးမွမ်းရမည်ကို သတိရပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ပေတရု ထောင်အတွင်းမှ အံ့သြဖွယ် လွတ်မြောက်လာသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း ဖြစ်သော ***ယာကုပ်၊ ၅း၁၆*** အရေးကြီးပုံကို ရှင်းပြပြီး၊ သင်ကြားပေးပါ။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် အမှန်တကယ် ထူးခြားမှု ရှိကြောင်းကို ဤကျမ်းချက်မှ ပြောပြသည်။ ဘုရားသခင်သည် သူ၏ အလုပ်ကို လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အသုံးပြုသည်။.

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- ပေတရုအား ထောင်ထဲသို့ ထည့်သောသူမှာ မည်သူနည်း။
- ဟေရုဒ်မင်း အသေသတ်ခဲ့ပြီးသော သူမှာ မည်သူနည်း။
- ဘုရားသခင်သည် ကောင်းကင်တမန်ကို စေလွှတ်ခဲ့သော အချိန်တွင် ပေတရု ဘာလုပ်နေသနည်း။
- ပေတရု၏ သူငယ်ချင်းများသည် အဘယ်ကြောင့် စုဝေးရကြ သနည်း။
- ကောင်းကင်တမန်သည် ပေတရုအား မည်သည့်အရာ လုပ်ဆောင်ရန် ပြောခဲ့သနည်း။
- ပေတရု သည် ထောင်တံခါးဝသို့ မည်သို့ ရောက်ရှိ သွားခဲ့သနည်း။
- သူတို့ နှစ်ဦး လမ်းမခွဲမီ ကောင်းကင်တမန်သည် ပေတရုနှင့်အတူ မည်မျှဝေးဝေး လမ်းလျှောက်ခဲ့သနည်း။
- မည်သူ၏ အိမ်သို့ သူသွား ခဲ့သနည်း။
- တံခါးဝတွင် ရှိသော ပေတရုကို မည်သူ မြင်ခဲ့သနည်း။
- ပထမတွင် ရောဒေသည်  အဘယ်ကြောင့် တံခါး မဖွင့်ပေးခဲ့သနည်း။

**လုပ်ဆောင်ပါ။** ။ ပေတရု ထောင်မှ လွတ်မြောက်လာပုံကို ကလေးများ နှစ်ယောက်တစ်တွဲ သရုပ်ဆောင်နိုင်သည်။ တစ်ဦးမှာ ပေတရု အသွင်၊ တစ်ဦးမှာ ကောင်းကင်တမန်အသွင် သရုပ်ဆောင်နိုင်သည်။ ကလေးများ စုစည်းပါဝင် လိုက်လုပ်နိုင်ရန်အတွက် ခေါင်းဆောင်များမှ ဇာတ်လမ်းများ ပြင်ဆင်ပေးနိုင်သည်။

<u>က ၉ ပုံပြင် ၁</u>

## ယာကုပ်သည် သူ၏အစ်ကိုအား လိမ်ခဲ့သည်။ ဤပုံပြင်သည် တစ်ကိုယ်ကောင်းဆန်သည့် အကြောင်း ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>• တစ်ကိုယ်ကောင်းဆန်ခြင်း ဆိုသည်မှာ တစ်ပါးသူအား အနာတရဖြစ်လျှင်ပင် မိမိကိုယ်မိမိ ဦးစားပေးခြင်းဖြစ်သည်။<br>• ယာကုပ်ကဲ့သို့ပင် ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းဆန်နိုင်သည်။ ဤသို့ လုပ်ဆောင်ခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်း ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာ၊ ၂၅း ၂၈၊ သို့မဟုတ် ဖိလိပ္ပိ၊ ၂း၃*<br>**ကျမ်းညွှန်း။** *ကမ္ဘာ၊ ၂၅း ၁၉-၃၄* |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | • အမွှာများကို သင် သိပါသလား။ သူတို့သည် တစ်ထပ်တည်း ဆင်တူကြပါသလား။ သူတို့၏ ပင်ကိုယ်စရိုက် တူညီကြပါသလား။<br>• သင်၏ ညီအစ်ကို မောင်နှမများ နှင့် သင် ရန်ဖြစ်ဖူး ပါသလား။<br>• တစ်ကိုယ်ကောင်းဆန်ခြင်း ဆိုသည်မှာ အဘယ်နည်း။ တစ်ကိုယ်ကောင်းဆန်သောသူကို သင်မြင်ဖူးပါသလား။ သင့်အား နာကျင်စေပြီး၊ တစ်ကိုယ်ကောင်းဆန်သူ အကြောင်းကို စဉ်းစားကြည့်ပါ။<br>• ဤပုံပြင်သည် ဆက်ဆံရေး အဆင်မပြေသည့် ညီအစ်ကိုနှစ်ဦး၏ အကြောင်း ဖြစ်သည်။ တစ်ဦးမှာ တစ်ကိုယ်ကောင်းဆန်ပြီး သူ၏ အစ်ကိုအား ထိခိုက်စေခဲ့သည်။ |
| **သင်ကြားပေးပါ။** | • ဣဇက် နှင့် ရေဗက္ကာတို့သည် အမွှာလေးများ ရရှိရန် မျှော်လင့်နေကြသည်။ သားအကြီးသည် သားငယ်ထံ အစေခံရမည်ဟု အမွှာလေးများ မမွေးဖွားလာမည် ဘုရားသခင်သည် ရေဗက္ကာထံ ပြောနှင့်ပြီး ဖြစ်သည်။ ***(ကမ္ဘာ၊ ၂၅း ၁၉- ၂၃)***<br>• အမွှာလေးများ မွေးဖွားလာသည့်အခါ အလွန်ရှင်းလင်းစွာ သိရသည်။ သူတို့သည် အလွန်ခြားနားကြသည်။ သားအကြီး ဧသောသည် အလွန်အမွေးထူသည်။ သားငယ် ယာကုပ်သည် အသားအရေ ချောမွတ်သည်။ ***(ကမ္ဘာ၊၂၅း ၂၄-၂၆)*** သူတို့၏ ဝါသနာများလည်း မတူညီကြပေ။ ဧသောသည် တောလိုက်မုဆိုး ဖြစ်လာပြီး၊ ယာကုပ်သည် အိမ်တွင်နေရခြင်းကို နှစ်သက်သည်။ မိဘများတွင် ကိုယ်စီမျက်နှာသာပေးသည့် သားများ ရှိကြသည်။ ဣဇက်သည် ဧသောကို ချစ်ပြီး ၊ ရေဗက္ကာသည် ယာကုပ်ကို ချစ်သည်။ ***(ကမ္ဘာ၊ ၂၅း ၂၇-၂၈)*** *မျက်နှာသာပေးသည့် အကြောင်းကို ကလေးများထံ မေးပါ။*<br>• တစ်နေ့သောအခါ ယာကုပ်သည် စားစရာကို ချက်ပြုတ်နေသည်။ ဧသောသည် အမဲလိုက်ရာမှ ပြန်လာသည်။ ထိုအခြေအနေကို မျက်စိထဲတွင် ပုံဖော်နိုင်ရန် ကလေးများကို ကူညီပေးပါ။ ဧသောသည် အလွန်မောပြီး ဆာလောင်နေသည်။ ဟင်းအနံ့သည် အလွန်အရသာ ရှိလှသည်။ ယခုတွင် ဧသောသည် တစ်ခုခုကို စားရန်လိုအပ်သည်။ သို့သော် ယာကုပ်သည် အလွန်ကောက်ကျစ်သည်။ ဧသောသည် သူ့အား သားဦးအရာကို ပေးမှသာလျှင် ဧသောအား ပဲဟင်းကို ပေးမည်ဟု သူ လျှင်လျှင်မြန်မြန် ပြောခဲ့သည်။ သားဦးအရာ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ *သားအကြီးဆုံးသည် မိသားစု၏ သားဦးအရာကို ပိုင်ဆိုင်ရသည်။ ဆိုလိုသည်မှာ သူ၏ ဖခင် သေဆုံးသွားသည့်အခါ သားဦးသည် မိသားစုကို ဦးဆောင်သောသူ ဖြစ်လာသည်။ ဖခင်၏ ပိုင်ဆိုင်မှု နှစ်ဆကိုလည်း ရသည်။*<br>• ဧသောသည် အလွန်ဆာလောင်သည့်အတွက် စဉ်းစားမနေတော့ဘဲ သူ့ညီ၏ အလိမ်ကိုခံပြီး မိမိနှင့် ဆိုင်သော သားဦးအရာကို ပဲဟင်းနှင့် ရောင်းလေသည်။ ***(ကမ္ဘာ၊ ၂၅း ၂၉-၃၄)*** *သားနှစ်ယောက်၏ အပြုအမူကို ဆွေးနွေးပါ။ ယာကုပ်သည် သားဦးအရာကို လိမ်လည် ရယူခြင်းသည် မှန်ကန်သောအရာ ဟုတ်ပါသလား။ ဧသောသည် သူ၏ တန်ဖိုးကြီးလှသည့် သားဦးအရာကို ပဲဟင်းတစ်ခွက်နှင့် ရောင်းစား သင့်ပါသလား။*<br>• *ဧသော နှင့် ယာကုပ်အား ဘုရားသခင် စိတ်တော်နှင့် တွေ့လိမ့်မည်ဟု သင်ထင်ပါသလား။*<br>• *တစ်ခါတစ်ရံ ကျွန်ုပ်တို့သည်လည်း ဧသော နှင့် ယာကုပ်တို့ ကဲ့သို့ပင် မိမိတို့ နှစ်သက်သော အရာများကိုသာ တွေးတက်ကြသည်။ ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းဆန်သောအခါ ဘုရားသခင်အား ဆန့်ကျင်၍ အပြစ်ပြုနေကြခြင်း ဖြစ်သည်။*<br><br>**သင်ခန်းစာကို ပြီးမြောက်စေပါ။**<br>**ပြပါ။** ။ ဧသောသည် သူ၏ သားဦးအရာကို ယာကုပ်ထံ ရောင်းသည်။ |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***ကမ္ဘာ၊ ၂၅း ၂၈ သို့မဟုတ် ဖိလိပ္ပိ၊ ၂း၃*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | • ပုံပြင်ထဲရှိ လူငယ်လေးနှစ်ဦး၏ အမည်မှာ အဘယ်နည်း။<br>• သား အကြီးမှာ မည်သူနည်း။<br>• ထိုလူငယ်လေး နှစ်ဦးတို့၏ မတူညီ ခြားနားကြသည့် အရာ နှစ်မျိုးကို ရေးပါ။<br>• သားဦးအရာ ဆိုသည်မှာ အဘယ်နည်း။<br>• ယာကုပ်သည် သားဦးအရာကို လိုချင်ရခြင်းမှာ အဘယ်ကြောင့်ဟု သင် ထင်ပါသနည်း။<br>• ယာကုပ်သည် ဧသောအား မည်သို့ လိမ်ခဲ့သနည်း။<br>• ဧသော နှင့် ယာကုပ်တို့သည် မည်သည့် နည်းလမ်းဖြင့် ဘုရားသခင်ကို ဆန့်ကျင်ကြသနည်း။ |

## <u>က ၉ ပုံပြင် ၂</u>

## ယာကုပ်သည် သူ၏ ဖခင်အား လိမ်ခဲ့သည်။ ဤပုံပြင်သည် သူ၏ဖခင် နှင့် အစ်ကိုအား လိမ်လည်သည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ရေဗက္ကာ နှင့် ယာကုပ်တို့သည် ဣဇက်အား လိမ်လည် လိုကြသည်။
- လိမ်လည်ခြင်း နှင့် မုသာပြောခြင်းသည် ဘုရားသခင်၏ အမြင်၌ မှားသောအရာ ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** *။ကမ္ဘာ၊ ၂၇း ၂၀၊ သို့မဟုတ် ဆာလံ၊ ၂၃း၂*
**ကျမ်းညွှန်း။** *။ ကမ္ဘာ၊ ၂၇း ၁-၂၉*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- လိမ်ပြောခြင်း ဆိုသည်မှာ အဘယ်နည်း။
- ဤပုံပြင်တွင် ယာကုပ်သည် သူ၏ ဖခင်အား လိမ်ပြောခဲ့သည်။ သူ၏ လိမ်ပြောခြင်းသည် သူ၏ အစ်ကို နှင့် ဖခင်အား ထိခိုက်နာကျင်စေခဲ့သည်။
- တစ်ဦးတစ်ယောက် လိမ်ပြောခြင်းအားဖြင့် အခြားသူတစ်ဦးအား ထိခိုက်နာကျင်စေသည့် အခြားပုံပြင် တစ်ခုခုကို သင်စဉ်းစားတွေးတော နိုင်ပါသလား။

**သင်ကြားပေးပါ။**

- ယခုအချိန်တွင် ဣဇက်သည် အသက်ကြီး၍ မျက်စိမှုန်နေပြီး ဖြစ်သည်။ သူ မသေမီ သူ၏သားအကြီး ဧသောကို ကောင်းကြီးပေးလိုသည်။ သူ့အတွက် အကောင်းဆုံး ဟင်းလျာကို ပြင်ဆင်လာရန် ဧသောအား သူပြောလိုက်သည်။ ***(ကမ္ဘာ၊ ၂၇း၁-၄)*** *ထိုအချိန်ကာလတွင် ဖခင်များသည် သူတို့မသေမီ သူတို့၏ သားဦးများကို ကောင်းကြီး ပေးခဲ့ကြရသည့် အကြောင်းကို ရှင်းပြပါ။*
- ဣဇက်သည် ဧသောအား ကောင်းကြီး ပေးမည့် အကြောင်းကို ရေဗက္ကာ အမှတ်မထင် ကြားလိုက်သည်။ ရေဗက္ကာ နှင့် ယာကုပ်တို့သည် ဣဇက်အား လိမ်လည်၍ ယာကုပ်အတွက် ကောင်းကြီးရယူရန် အစီအစဉ် ဆွဲခဲ့ကြသည်။ ထို့ကြောင့် ရေဗက္ကာသည် အမဲဟင်းလျာကို ချက်ခဲ့ပြီး၊ ယာကုပ်အား ဧသောကဲ့သို့ အမွေးထူစေရန် သူ၏ လက်အား ဆိတ်သရေနှင့် ဖုံးလိုက်သည်။ ***(ကမ္ဘာ၊ ၂၇း ၅-၁၇)*** *မိဘတို့သည် ကိုယ်စီမျက်နှာသာပေးသည့် သားများ ရှိကြကြောင်းကို ကလေးများအား သတိပေးပါ။ ရေဗက္ကာ မျက်နှာသာ ပေးသောသားမှာ ယာကုပ် ဖြစ်ပြီး ဣဇက် မျက်နှာသာ ပေးသောသားမှာ ဧသော ဖြစ်သည်။ သူတို့ မျက်နှာသာ ပေးသော သားများကိုသာ ကောင်းကြီး ခံစားစေလိုကြသည်။ အိမ် သို့မဟုတ် ကျောင်း၌ မျက်နှာသာပေးခြင်းနှင့် ပတ်သက်၍ ကလေးများ ခွဲခြားနိုင်ရန် ဥပမာများ ပေး၍ ရှင်းပြပါ။*
- ယာကုပ်သည် အရသာရှိသည့် ဟင်းလျာကို ဣဇက်ထံ ယူဆောင်လာခဲ့သည်။ သူသည် ဣဇက်ထံ လိမ်လည်ပြီး ဧသောအဖြစ် ဟန်ဆောင်ခဲ့သည်။ ဧသောသည် အရသာရှိသည့် အမဲဟင်းလျာကို လျှင်လျှင်မြန်မြန် ယူဆောင်လာသည့်အတွက် ဣဇက် အံ့သြခဲ့ရသည်။ ***(ကမ္ဘာ၊ ၂၇း ၁၈-၂၀)*** *ရေဗက္ကာ နှင့် ယာကုပ် တို့သည် ဘုရားသခင်ကို စိတ်ကျေနပ်စေသည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့် စိတ်တော် တွေ့စေသနည်း။ အဘယ်ကြောင့် စိတ်တော်နှင့် မတွေ့စေသနည်း။*
- ဣဇက်သည် အံ့သြနေဆဲ ဖြစ်နေသည်။ အမှန်တကယ် ဧသော ဖြစ်ပါသလား။ ဣဇက်သည် သေသေချာချာ သိလိုသည်ဖြစ်၍ ယာကုပ်၏ လက်မှ အမွေကို  စမ်းသပ်နိုင်ရန် တောင်းဆို ခဲ့သည်။ မှန်ပါသည် လက်သည် ဧသော၏လက် ကဲ့သို့ ခံစားရသည်။ သို့သော် အသံမူကာ ယာကုပ်၏ အသံဖြစ်သည်။ ဣဇက် စိတ်ရှုပ်ထွေး ခဲ့ရသည်။ ထို့ကြောင့်  ယာကုပ်သည် ထပ်မံ လိမ်လည်ခဲ့ပြီး၊  မိမိသည် ဧသော ဖြစ်သည်ဟု သူ၏ ဖခင်အား ပြောခဲ့သည်။ ***(ကမ္ဘာ၊ ၂၇း ၂၁-၂၄)***
- ဣဇက်သည် ယာကုပ် ယူလာပေးသည့် အမဲဟင်းလျာကို စားလိုက်သည်။ သူစားပြီးသည့်အခါ ဧသောအား ကောင်းကြီးပေးသည့် စိတ်ထင်နှင့် ယာကုပ်အား ကောင်းကြီးပေး ခဲ့သည်။ ***(ကမ္ဘာ၊ ၂၇း ၂၅-၂၉)*** *သူ အလိမ်ခံရသည်ကို ဣဇက် သိခဲ့ပါလျှင် မည်သို့ ခံစားရလိမ့်မည်ဟု သင်တွေးထင်ပါသနည်း။*
- *ဘုရားသခင်သည် ကျွန်ုပ်တို့အား လိမ်မပြောရန် အဘယ်ကြောင့်  တားမြစ်ထားသည်ဟု သင်ထင်ပါသနည်း။*
- *အမြဲတမ်း အမှန်တရားကို ပြောသည့် သခင်ယေရှု၏ ဥပမာကို စဉ်းစားဆင်ချင်ပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ ယာကုပ်သည် ဣဇက်အား လိမ်သည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***ကမ္ဘာ၊ ၂၇း၂၀ သို့မဟုတ် ဆာလံ၊ ၃၂း၂***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- ဣဇက် မျက်နှာသာ ပေးသော သားမှာ မည်သူနည်း။
- ရေဗက္ကာ မျက်နှာသာ ပေးသော သားမှာ မည်သူနည်း။
- ဣဇက်သည် သူမသေမီ ဧသောအား မည်သည့်အရာ လုပ်ပေးလိုသနည်း။
- ရေဗက္ကာသည် ဧသောအား ကောင်းကြီး ခံစားစေလိုပါသလား။ အဘယ်ကြောင့် မခံစားစေလို သနည်း။
- ယာကုပ် နှင့် ရေဗက္ကာသည် ဣဇက်အား မည်သို့ လိမ်ခဲ့ပါသနည်း။
- ဣဇက်သည် ယာကုပ် ဖြစ်ကြောင်း အဘယ်ကြောင့် မသိသနည်း။
- ဤပုံပြင်ထဲတွင် ယာကုပ် နှင့် ရေဗက္ကာသည် ဘုရားသခင်ကို စိတ်ကျေနပ်စေသည်ဟု သင်ထင်ပါသလား။ အဘယ်ကြောင့်နည်း။

## <u>က ၉ ပုံပြင် ၃</u>

## ယာကုပ် ဘုရားသခင်ကို မြင်တွေ့သည်။ ဤပုံပြင်သည် ဘုရားသခင်၏ ဂရုစိုက်ခြင်း အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ဘုရားသခင်သည် သူ၏ ကတိတော်ကို အမြဲစောင့်ထိန်းသောကြောင့် ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးစားနိုင်သည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဂရုစိုက်သည်။

**အဓိကသော့ချက်ကျမ်း** ***။ကမ္ဘာ၊ ၂၈း ၁၆၊ သို့မဟုတ် ဆာလံ၊ ၈၆း ၁၁***

**ကျမ်းညွှန်း။** ***။ ကမ္ဘာ၊ ၂၈း ၁-၂၂***

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- ပြီးခဲ့သည့် ပုံပြင်တွင် ယာကုပ်သည် ဧသောအပေါ် မည်ကဲ့သို့ ကောက်ကျစ်ခဲ့သည့် အကြောင်းကို ကလေးများအား ပြန်လှန်သတိပေး ပြောပြပါ။ ဧသောသည် အလွန် ဒေါသထွက်သဖြင့် ယာကုပ်အား သတ်ရန် ကြံစည်လေသည်။ ယာကုပ်သည် အိမ်မှ ခေတ္တထွက်သွားရန် ဆုံးဖြတ်ခဲ့သည်။
- ကလေးတို့အား ယာကုပ်အဖြစ် ပုံဖော်၍စဉ်းစားခိုင်းပါ။ အကယ်၍ သူတို့သည် ယာကုပ်ဖြစ်ခဲ့ပါလျှင် ဤသို့ အိမ်မှ ထွက်ခွါရပါက မည်သို့ ခံစားကြမည်နည်း။
- ယာကုပ်သည် မှားယွင်းသည့် အလုပ်ကို လုပ်သော်လည်း ဘုရားသခင်သည် သူ့အား ချစ်နေဆဲ၊ ဂရုစိုက်နေဆဲ ဖြစ်ကြောင်း ကလေးများအား ရှင်းပြပါ။ ယနေ့ ကျွန်ုပ်တို့ ပုံပြင်မှာ ဘုရားသခင်သည် ယာကုပ်ထံ အဘယ်သို့ ကိုယ်တိုင်ထင်ရှားပြသည့် အကြောင်းကို ပြောပြခြင်း ဖြစ်သည်။

**သင်ကြားပေးပါ။**

- ဣဇာက်သည် ယာကုပ်အား ကောင်းကြီး ပေးပြီး၊ သူအား အိမ်မှ ထွက်၍ ခါရန်မြို့ရှိ သူ၏ ဦးရီး လာဗန်မိသားစုထံ သွားရန် အကြံပေးခဲ့သည်။ ထိုနေရာတွင် သူ့အတွက် ဇနီးမယား ရှာရန် ဖြစ်သည်။ ***(ကမ္ဘာ၊ ၂၈း ၁-၅)***
- ယာကုပ်သည် လမ်းခရီးသွားစဉ်တွင် တစ်စုံတစ်ခုသော အရပ်သို့ ရောက်သောအခါ မိုးချုပ်သောကြောင်း ထိုအရပ်တွင် ခရီးတစ်ထောက် နားလိုက်သည်။ ကျောက်ကို ယူ၍ ခေါင်းအုံးအဖြစ် အသုံးပြုခဲ့သည်။ ဤသို့ ကျောက်တုံး ခေါင်းအုံး လုပ်ခြင်းသည် မည်သို့ ဖြစ်မည်ကို စဉ်းစားကြည့်ပါ။ အိပ်ပျော်နေစဉ်တွင် သူမြင်ရသော အိပ်မက်မှာ မြေကြီးပေါ်၌ လှေခါးထောင်းလျက် အဖျားသည် မိုးကောင်းကင်တိုင်အောင် မှီ၏။ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ထိုလှေခါးဖြင့် ဆင်းလျက် တက်လျက် ရှိသည်ကို မြင်မက်တော်မူ၏။ ***(ကမ္ဘာ၊ ၂၈း ၁၀-၁၂)***
- ဘုရားသခင်သည် လှေခါး၏ ထိပ်တွင် ရပ်လျက်ရှိသည်။ ဘုရားသခင်သည် ယာကုပ်အား များစွာသော အမျိုးအနွယ် နှင့် ကောင်းကြီးများ  ပေးမည်ဟု ပြောခဲ့သည်။ ဘုရားသခင်သည် ယာကုပ်နှင့်အတူ ရှိမည်ဟု ကတိပေးခဲ့သည်။ တစ်နေ့တွင် ဘုရားသခင်သည် ယာကုပ်အား သူ၏ အိမ်သို့ ပြန်ပို့ပေးမည် ဖြစ်သည်။ ***(ကမ္ဘာ၊ ၂၈း ၁၃-၁၅)*** *ကတိဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကတိများကို စောင့်ထိန်း ကြပါသလား။ အဘယ်ကြောင့် မစောင့်ထိန်းကြသနည်း။ ဆွေးနွေးပါ။ ဘုရားသခင်သည် သူ၏ ကတိကို အမြဲ စောင့်ထိန်းကြောင်း ကလေးများကို ရှင်းပြပါ။ သူသည် ဘုန်းတန်ခိုးနှင့် ပြည့်စုံပြီး မလိမ်ညာကြောင်းကို ရှင်းပြပါ။*
- ယာကုပ်သည် နိုးထလာသောအခါ ထိုအရပ်၌ ဘုရားသခင် ရှိကြောင်းကို သိခဲ့သည်။ *ထိုအရပ်၌ ဘုရားသခင်သည် သူနှင့်အတူရှိနေသည်ကို ယာကုပ် တွေးသည့်အခါ ယာကုပ် မည်သို့ ကြောက်ရွံ့ တုန်လှုပ်နေမည်ကို ရှင်းပြပါ။ ယာကုပ်သည် ဘုရားသခင် မနှစ်သက်သည့် အမှားများစွာကို ပြုလုပ်ထားသူ ဖြစ်သည်။* သို့သော် ဘုရားသခင်သည် သူအား ဂရုစိုက်ဆဲ ဖြစ်သည်။ ထို့နောက် သူသည် ခေါင်းအုံးအဖြစ် အသုံးပြုခဲ့သည့် ကျောက်ကို ယူ၍ ထူထောင်ပြီးလျှင် ကျောက်ထိပ်ဖျားအပေါ်၌ ဆီကို လောင်းလေ၏။ သူသည် ထိုအရပ်ကို ဗေသလ အမည်ဖြင့် မှည့်လေသည်။ ထာဝရဘုရားသခင်သည် သူနှင့်အတူပါရှိပြီး၊ သူ၏ အိမ်သို့ သူအား ပြန်လည်ပို့ဆောင်ပေးလျှင် ထာဝရဘုရားသည် သူ၏ဘုရား ဖြစ်ရမည်ဟု ကတိပေးခဲ့သည်။ ***(ကမ္ဘာ၊ ၂၈း ၁၆-၂၂)*** ထာဝရဘုရားသည် သူ၏ ကတိကို စောင့်ထိန်းကြောင်း ယာကုပ် သင်ယူရန် လိုအပ်နေသေးသည်။
- *ကျွန်ုပ်တို့သည် ယာကုပ် ကဲ့သို့ပင် အမှားများစွာ ပြုလုပ်သော သူများ ဖြစ်ကြသည်။ သို့သော် ဘုရားသခင်သည် ယာကုပ်အား ချစ်သကဲ့သို့ ကျွန်ုပ်တို့ အယောက်စီတိုင်းကို သူ ချစ်ပြီး ဂရုစိုက်ပေး သည်။ သူ၏ တစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်ပြီး လက်ဝါးကပ်တိုင်တွင် ကျွန်ုပ်တို့အတွက် အသေခံသည့်အကြောင်းကို ရှင်းပြပါ။ သခင်ယေရှုသည် လှေခါးသဖွယ် ဖြစ်သည်။ ကျွန်ုပ်တို့အား ဘုရားသခင်ထံ ပို့ဆောင်ပေးပြီး၊ ကောင်းကင်အိမ်သို့ ပြန်လည် ပို့ဆောင်ပေးသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ဘုရားသခင်သည်  အိပ်မက်ထဲ၌ ယာကုပ်ထံ စကားပြောသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***ကမ္ဘာ၊ ၂၈း၁၆ သို့မဟုတ် ဆာလံ၊ ၈၆း၁၁***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- ယာကုပ်သည် အဘယ်ကြောင့် အိမ်မှ ထွက်သွားရ မည်နည်း။
- ယာကုပ်သည် မည်သည့်အရာကို ခေါင်းအုံးအဖြစ် အသုံးပြုခဲ့ သနည်း။
- ယာကုပ်သည် သူ၏ အိပ်မက်တွင် မည်သည့်အရာကို မြင်တွေ့ခဲ့ရ သနည်း။
- ဘုရားသခင်သည် အိပ်မက်ထဲတွင် ယာကုပ်အား ဘာပြောခဲ့ သနည်း။
- ဘုရားသခင်သည် ယာကုပ်အား ဂရုစိုက်ခြင်းအရာမှာ အဘယ်ကြောင့် အံ့သြစရာ ကောင်းသနည်း။
- ဘုရားသခင်သည် ကျွန်ုပ်တို့အား ဂရုစိုက်သည်ကို မည်သို့ သိနိုင် သနည်း။
- ယာကုပ်သည် ကျောက်တုံးနှင့် ဘာလုပ် သနည်း။
- သခင်ယေရှုသည် လှေခါးနှင့် မည်သို့ ဆင်တူ သနည်း။

## <u>က ၉ ပုံပြင် ၄</u>

## ယာကုပ် မိန်းမ တွေ့ခဲ့သည်။ - ဤပုံပြင်သည် သူ၏ ဦးရီးထံတွင် ယာကုပ် အလိမ်ခံရသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- လူလိမ် ယာကုပ်သည် သူကိုယ်တိုင် ပြန်၍ အလိမ်ခံရသည်။
- ကိုယ်၌ သူတစ်ပါး ပြုစေလိုသည့်အတိုင်း သူတစ်ပါး၌ ပြုသင့်သည်။

**အဓိကသော့ချက်ကျမ်း** *။ကမ္ဘာ၊ ၂၉း ၂၈၊ သို့မဟုတ် ဂလာတိ၊ ၆း၇*

**ကျမ်းညွှန်း။** *။ ကမ္ဘာ၊ ၂၉း ၁-၃၀*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- သင် တစ်ခါမှ မရောက်ဖူးသည့် နေရာသို့ သင်၏ မိသားစုများနှင့်အတူ သွားဖူးပါသလား။ သင် မည်သို့ ခံစားရပါသနည်း။ သို့မဟုတ် သင်၏ ကိုယ်တွေ့ အဖြစ်အပျက်များမှ ဆက်စပ်သည့် အတွေ့အကြုံများကို ပြောပြပါ။ ယာကုပ်သည် ခါရန်မြို့ရှိ သူ၏ ဦးရီးလာဗန် မိသားစုနှင့်အတူ  သွားရောက်နေထိုင်မည် ဖြစ်ကြောင်း ကလေးများ မှတ်မိစေရန် သတိပေး နှိုးဆော် ပေးပါ။
- ဤပုံပြင်ထဲရှိ ဇာတ်ကောင်အသစ်များ ဖြစ်ကြသည့် လာဗန်၊ သူ၏သမီးများ ဖြစ်ကြသည့် လေအာ၊ ရာခေလတို့နှင့် မိတ်ဆက်ပေးပါ။
- တစ်ပါးသူထံမှ လိမ်လည် ကောက်ကျစ်ခြင်းကို ခံစားရခြင်းသည် မည်ကဲ့သို့ ဖြစ်ကြောင်း ဤပုံပြင်တွင် ယာကုပ် သိရှိခဲ့ရသည်။

### သင်ကြားပေးပါ။

- ယာကုပ်သည် ခါရန်မြို့သို့ ဆက်လက်ခရီး သွားခဲ့သည်။ သူ၏ ခရီးအဆုံး၌ ရေတွင်းနားတွင် သိုးထိန်းအချို့ကို သူတွေ့ခဲ့သည်။ ထိုသိုးထိန်းတို့သည် သူ၏ ဦးရီးလာဗန်ကို သိကြသည်။ ***(ကမ္ဘာ၊ ၂၉း၁-၈)***
- လာဗန်၏သမီး ရာခေလသည် သူ၏ သိုးများနှင့်အတူ ရေတွင်းနားသို့ ရောက်လာခဲ့သည်။ ယာကုပ်သည် ရေတွင်းဝမှ ကျောက်ကို လှိမ့်လှန်ပြီး၊ သူမ၏ သိုးများ ရေသောက်နိုင်ရန်အတွက် ကူညီပေးခဲ့သည်။ ***(ကမ္ဘာ၊ ၂၉း ၉-၁၀)***
- ယာကုပ်ကလည်း မိမိသည် မည်သူ ဖြစ်ကြောင်း ရာခေလထံ ပြောပြခဲ့သည်။ သူမသည်လည်း အိမ်သို့ ပြေးသွားပြီး ဖခင်ထံ ပြောပြခဲ့သည်။ လာဗန်သည် ယာကုပ်အား သူတို့နှင့်အတူ လာရောက်နေထိုင်ရန် ဖိတ်ခေါ်လိုက်သည်။ ***(ကမ္ဘာ၊ ၂၉း ၁၁-၁၄)*** *သူတို့ အပြန်အလှန် စကားပြောကြမည့် အခြအနေအချို့ကို ကြိုးစားပုံဖော်ပါ။*
- ယာကုပ်သည် လာဗန်အတွက် စတင် အလုပ်လုပ်သည်။ ရာခေလကို သူ၏ ဇနီးမယားအဖြစ် ပိုင်ဆိုင်ရရန်  သူသည် လာဗန်အတွက် ခုနှစ်နှစ် အလုပ်လုပ်ပေးရသည်။ သူသည် ရာခေလကို ချစ်သည့်အတွက် လာဗန်အတွက် အလုပ်လုပ်ပေးရန် လိုလိုလားလားပင် ဖြစ်သည်။ ***(ကမ္ဘာ၊၂၉း၁၅- ၂၀)***
- သို့သော် လာဗန်သည် ယာကုပ်အား လိမ်ခဲ့သည်။ ရာခေလနှင့် ပေးစားရမည့်အစား၊ ယာကုပ်ကို သူ၏ သမီးအကြီး လေအာနှင့် ပေးစားခဲ့သည်။ ***(ကမ္ဘာ၊ ၂၉း ၂၁-၂၇)*** *သူ အလိမ်ခံရသည်ကို သိမြင်သည့်အခါ ယာကုပ်မည်သို့ ခံစားမည်ဟု သင်ထင်ပါသနည်း။ သူတစ်ပါးအား သူမည်ကဲ့သို့ လိမ်လည်ခဲ့သည်ကို ထိုအရာအားဖြင့် သူအား သတိပေးနေလိမ့်မည် ဖြစ်သည်။ ယာကုပ် ကျူးလွန်ခဲ့သည့် အကြောင်းအရာကို ကလေးများအား မေးပါ။*
- ယာကုပ်သည် ရာခေလကိုလည်း လက်ထပ်ခဲ့သည်။ သို့သော် သူသည် ရာခေလအတွက် နောက်ထပ် ခုနှစ်နှစ် အလုပ် လုပ်ရပြန်သည်။ ***(ကမ္ဘာ၊ ၂၉း ၂၉-၃၀)*** လာဗန်သည် ယာကုပ်၏ အကောင်းဆုံးတွေကို ပိုင်ဆိုင်ရသကဲ့သို့ ဖြစ်သည်။
- *ယာကုပ်သည် သူ၏ နောက်ကြောင်းကို ပြန်စဉ်းစား နိုင်ပါသည်။  သူသည် လိမ်လည်ခြင်း ကောက်ကျစ်ခြင်းဖြင့် သူတစ်ပါးအား မည်သို့ နာကျင်စေခဲ့ကြောင်းကို သူသိရှိ နားလည်လာမည် ဖြစ်သည်။ ယခုတွင် သူသည် ခက်ခဲသည့် သင်ခန်းစာကို သင်ယူနေရသကဲ့သို့ ဖြစ်ပါသည်။ နှစ်အတော်အတန် ကြာသောအခါ ယေရှုသည် သူ၏တပည့်တော်များထံ ပိုမိုကောင်းမွန်သည့် နည်းလမ်းကို သင်ကြား ပေးခဲ့သည်။ ကိုယ်၌ သူတစ်ပါး ပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ပြုကြလော့ဟု သင်ကြားပေးခဲ့သည်။ သခင်ယေရှု သင်ကြးပေးသည့် စကားတော်ကို ကျွန်ုပ်တို့ နာခံလျှင် ကျွန်ုပ်တို့၏ ဘဝများ ပျော်ရွှင်ရမည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။ ။** ယာကုပ်သည် သူ၏ မင်္ဂလာပွဲတွင် အလိမ်ခံရသည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ - ***ကမ္ဘာ၊ ၂၉း၂၈ သို့မဟုတ် ဂလာတိ၊ ၆း၇***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- လာဗန်သည် မည်သည့် မြို့တွင် နေထိုင်သနည်း။
- လာဗန်၏ သမီး နှစ်ဦး အမည်များမှာ အဘယ်နည်း။
- ယာကုပ်သည် ခါရန်အရပ်သို့ ရောက်သောအခါ ရာခေလကို မည်သို့ ကူညီပေးခဲ့သနည်း။
- ယာကုပ် ချစ်သော သမီးမှာ မည်သူနည်း။
- ယာကုပ်သည် ရာခေလကို လက်ထပ်နိုင်ရန်အတွက် မည်မျှကြာကြာ အလုပ်လုပ်မည်ဟု ပြောခဲ့သနည်း။
- လာဗန်သည် ယာကုပ်အား မည်သို့ လိမ်ခဲ့သနည်း။
- ယာကုပ်သည် ရာခေလအား လက်ထပ်ပြီးနောက်တွင် လာဗန်အတွက် နောက်ထပ် နှစ်မည်မျှ အလုပ်လုပ်ပေးရ သေးသနည်း။
- ကျွန်ုပ်တို့သည် သူတစ်ပါး၌ မည်သို့ ပြုသင့်ကြောင်း ယေရှု သင်ကြား ပြသခဲ့ သနည်း။

## က ၁၀ ပုံပြင် ၁

## သတေဖန်သည် သခင်ယေရှုအတွက် အသေခံခဲ့သည်။ - ဤပုံပြင်သည် သခင်ယေရှုအတွက် သတေဖန်၏ ကြီးမားသော ချစ်ခြင်းမေတ္တာ အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- သတေဖန်သည် ဘုရားသခင်ကို ချစ်ပြီး၊ သူ၏ ရန်သူများကိုလည်း ချစ်သည်။
- သူသည် ကျောက်ခဲနှင့် ပစ်ပေါက်ခြင်း ခံနေရချိန်တွင် သခင်ယေရှုသည် သူနှင့်အတူရှိပြီး၊ ကောင်းကင်မှ သူအား စောင့်နေသည်။

**အဓိကသော့ချက်ကျမ်း** ။ *၁ယော၊ ၄း၁၉*

**ကျမ်းညွှန်း။** ။ *တမန်၊ ၆း ၈-၁၅၊ ၇း၅၄-၆၀*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- သူတစ်ပါးအား ကလေးများ ကူညီပေးခဲ့ကြသည့် အချိန်ကို မေးပါ။
- သင်သည် တစ်စုံတစ်ဦးအား ကူညီရန် ကြိုးစားနေချိန်၌ ထိုသူသည် သင်၏ အကူအညီကို မလိုလာပါက သင် မည်သို့ ခံစားမည်နည်း။ သင့်အား အမည်နှင့် ခေါ်ခြင်း၊ သို့မဟုတ် ထိခိုက်နာကျင်စေရန် ကြိုးစားပါက မည်သို့ ဖြစ်မည်နည်း။
- ယနေ့ ပုံပြင်သည် ကျမ်းစာထဲမှ သူတစ်ပါးအား ကူညီသည့် သူတစ်ဦးအကြောင်း ဖြစ်သည်။ သူတစ်ပါးတို့သည် သူအား မည်သို့ ထိခိုက်နာကျင် စေကြသည်ကို ကြည့်ကြပါစို့။

### သင်ကြားပေးပါ။

- သတေဖန်သည် သခင်ယေရှုကို ချစ်သည်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် လူများအား ကူညီပေးပြီး၊ အံ့သြဖွယ်ရာများ ပြုခဲ့သည်။ သို့သော် ယုဒလူ အချို့တို့သည် ယေရှု နှင့် သူ့အား မနှစ်သက်ကြပေ။ သူတို့အတွက် အသေခံသည့် ယေရှု အကြောင်းကို လူများထံ ဟောပြောနေသောအရာကို တားဆီးရန် နှင့် သူ့အား ထိခိုက်နာကျင်စေရန်အတွက် သူတို့သည် လို့ဝှက်စွာ ဆွေးနွေး ခဲ့ကြသည်။ ***(တမန်၊ ၆း ၈-၁၁)***
- ထိုသူတို့သည် လိမ်လည်လှည့်ဖြားပြီး၊ သတေဖန်ကို ဆန့်ကျင်ရန် လူများတို့အား တိုက်တွန်းခဲ့ကြသည်။ သတေဖန်နှင့် ပတ်သက်၍ လူများဆုံးဖြတ်စေရန် လူအုပ်ကြီး ရှိရာသို့ သတေဖန်ကို ခေါ်ထုတ်လာခဲ့ကြသည်။ သတေဖန် ဟောပြောသည့် အကြောင်းနှင့် ပတ်သက်၍ သူတို့သည် မဟုတ်မမှန် သက်သေထွက်ဆိုခဲ့ကြသည်။ ***(တမန်၊ ၆း ၁၂-၁၅)*** *သင်တို့သည် သတေဖန်၏ နေရာ၌ ရှိလျှင် မည်သို့ ခံစားကြမည်နည်း။*
- လူလိမ်တို့သည် သခင်ယေရှု နှင့် သတေဖန် အကြောင်းကို လိမ်ပြောနေသော်လည်း၊ သတေဖန် စိတ်မဆိုးခဲ့ပေ။ ယေရှုသည် သူနှင့်အတူ ရှိနေသည်ကို လူများ သိမြင် ခဲ့ကြရသည်။ သူ၏ မျက်နှာသည်လည်း ကောင်းကင်တမန်၏ မျက်နှာကဲ့သို့ ဖြစ်နေသည်။ ***(တမန်၊ ၆း ၁၅)*** သတေဖန်သည် ယေရှုအကြောင်းကို သက်သေခံ ဟောပြောခဲ့သည်။ သို့သော် ထိုသို့ ပြောခြင်းသည် လူတို့၏ အမျက်ကို နှိုးဆော်ရာ ရောက်ခဲ့သည်။ ***(တမန်၊ ၇း၅၄)*** ကြောက်ရွံ့နေရမည့်အစား သတေဖန်သည် ကောင်းကင်သို့ မျှော်ကြည့်ရာ ယေရှုသည် သူ့အား ကောင်းကင်မှ စောင့်ကြိုနေသည်။ ***(တမန်၊ ၇း ၅၅-၅၆)*** *သခင်ယေရှုအား သူမြင်တွေ့သည့်အခါ သတေဖန် မည်သို့ ခံစားမည်နည်း။*
- ယခုတွင် လူတို့သည် သတေဖန်အား ပြင်းပြင်းထန်ထန် အမျက်ထွက်ကြပြီး၊ သူ၏ စကားကို လုံ၀ နားမထောင်ကြပေ။ သူတို့သည် သတေဖန်အား မြို့ပြင်သို့ ခေါ်ထုတ်သွားကြပြီး၊ သူ့အား သေစေရန်အတွက် ကျောက်ခဲနှင့် ပစ်ပေါက်ကြသည်။ သူတို့သည် ထိုသို့ ပြုနေစဉ် ထိုသူတို့၏ အပြစ်ကို လွတ်ရန် နှင့် ယေရှု သူအား ကောင်းကင်သို့ ခေါ်ဆောင်ရန် သူ ဆုတောင်းနေသည်။ ထို့နောက် သူ သေဆုံး သွားသည်။ ***(တမန်၊ ၇း ၅၇-၆၀)***
- *သတေဖန်သည်  မသေမီ သူ၏ ရန်သူများအတွက် တစ်ခုခု လုပ်ပေးရန် ယေရှုထံ သူပြောခဲ့သည်။ သူသည် အဘယ်ကြောင့် ဤသို့ ပြုသည်ဟု သင်ထင်ပါသနည်း။*
- *ကျွန်ုပ်တို့ ပြုသော မကောင်းမှုများအတွက် မည်သို့ ခွင့်လွှတ်ခြင်းခံစားနိုင်မည်နည်း။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။   သတေဖန် မာတုရ ခံရသည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်းဖြစ်သော ***၁ယော၊ ၄း၁၉*** ၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ သတေဖန်သည် အသေခံခြင်းဖြင့် ယေရှုကို ချစ်ကြောင်း သက်သေပြခဲ့သည်ကို ရှင်းပြပါ။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းဖြင့် သတေဖန်ကို ချစ်ကြောင်း သက်သေပြခဲ့ပြီး ဖြစ်သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- သတေဖန်သည် အသင်းတော်၌ ကူညီသူဖြစ်သည်။ သူသည် မည်သို့ အကူအညီ ပေးခဲ့သနည်း။
- သတေဖန်အား လူတိုင်း နှစ်သက်ကြပါသလား။ အဘယ်ကြောင့်နည်း။
- လူများတို့သည် သတေဖန်အား ဆန့်ကျင်ရန် ယုဒလူတို့သည် မည်သို့ ပြုခဲ့ကြသနည်း။
- လူလိမ်တို့သည် သူ နှင့် ယေရှု အကြောင်းကို လိမ်ပြောကြသည့်အခါ သတေဖန် မည်သို့ တုန့်ပြန်ခဲ့သနည်း။
- သတေဖန်သည် ကောင်းကင်သို့ မျှော်ကြည့်သည့်အခါ မည်သည့်အရာကို သူ မြင်ခဲ့သနည်း။
- လူများတို့သည် သတေဖန်၌ မည်သို့ ပြုခဲ့ကြသနည်း။
- သတေဖန် မည်သို့ ဆုတောင်း ခဲ့သနည်း။
- ကျွန်ုပ်တို့သည် မည်သို့ ခွင့်လွှတ်ခြင်း ခံစားနိုင်ကြသနည်း။

<u>က ၁၀ ပုံပြင် ၂</u>

## ဖိလိပ္ပုသည် သတင်းကောင်း ဝေငှခဲ့သည်။ - ဤပုံပြင်သည် သခင်ယေရှုကို ယုံကြည်သည့် အဲသယောပိလူ တစ်ယောက် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ရန် လိုအပ်သည်။
- သူ၏ နှုတ်ကပတ် ကျမ်းစာ၏ ခက်ခဲသည့် အပိုင်းများကို ကျွန်ုပ်တို့ နားလည်နိုင်ရန် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကူညီပေးသည်။

**အဓိကသော့ချက်ကျမ်း** *။ တမန်၊ ၈း ၃၅*
**ကျမ်းညွှန်း။** *။ တမန်၊ ၈း ၂၆-၄၀*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- ကန္တာရသည် မည်သည့် အရာနှင့် တူကြောင်း ကလေးများကို မေးပါ။ မည်ကဲ့သို့ ဖြစ်ပါသနည်း။ မည်သို့ ခံစားရမည်နည်း။ ကန္တာရတွင် မသိသော သူတစ်ဦးနှင့် သင် သွားရောက် စကားပြောရမည်ဆိုလျှင် သင်သွားမည်လား။
- သင်သည် အကြောင်းအရာတစ်ခုခုကို နားလည်ရန် ခက်ခဲသည့် အခြေအနေနှင့် ကြုံတွေ့ရသည့် အချိန်ကို သင်သတိရပါသလား။ ဥပမာ၊ စာအုပ်တစ်အုပ် အကြောင်း၊ သင်္ချာပုစ္ဆာ စသည်ဖြင့် သင်တွေ့ကြုံ ဖူးပါသလား။ သင်အား မည်သူ ကူညီပေးသနည်း။

**သင်ကြားပေးပါ။**

- ဖိလိပ္ပုသည် သခင်ယေရှုကို ယုံကြည်ပြီး၊ သခင်ယေရှု၏ သတင်းကောင်းကို မြို့၊ ရွာ အနှံ့တွင် ဟောပြောခဲ့သည်။ တစ်နေ့သောအခါတွင် ဘုရားသခင်၏ ကောင်းကင်တမန်သည် သူ့အား ကန္တာရတောလမ်းသို့ သွားရန် ပြောခဲ့သည်။ *(ဤအကြောင်းကို ဖိလိပ္ပု မည်သို့ စဉ်းစား မည်နည်း။)* ရထားသည် သူထံသို့ လာနေသည်ကို ဖိလိပ္ပု မြင်ခဲ့သည်။ ထိုရထားထဲတွင် အရေးပါသည့် အဲသယောပိ လူတစ်ဦး ရှိသည်။ သူသည် သူ၏ အိမ်သို့ ပြန်နေခြင်းဖြစ်သည်။ *(မည်သည့် နေရာတွင် ဖြစ်ကြောင်း ရှင်းပြပါ။)* ***(တမန်၊၈း ၂၆-၂၈)*** *အဲသယောပိလူသည်  မည်သူ၏ အကြောင်းကို ကြာသင့်သည်ဟု သင်ထင်ပါသနည်း။*
- ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်သည် ပိလိပ္ပုအား ထိုသူထံသို့ သွားရန် ပြောခဲ့သည်။ ထိုသူသည် ဓမ္မဟောင်းကျမ်းရှိ ဟေရှာယ အနာဂတ္တိကျမ်းကို ဖတ်နေသည်။ ပိလိပ္ပုသည် ထိုသူအား နားလည်သလားဟု မေးရာ ထိုသူမှာ စိတ်ရှုပ်ထွေးခဲ့သည်။ ***(တမန်၊ ၈း ၂၉-၃၁)*** အခန်းငယ်တစ်ခုမှာ သိုးသူငယ် ကဲ့သို့ အသေခံရမည့် သူတစ်ယောက် အကြောင်း ဖြစ်သည်။ *(သိုးသူငယ်အား သတ်ရန် ခေါ်ဆောင်သွားသောအခါ မမြည်ဘဲ နေသည့်အကြောင်းကို ရှင်းပြပါ။)* ထိုကျမ်းချက်သည် သခင်ယေရှု ကျွန်ုပ်တို့ အပြစ်အတွက် လက်ဝါးကပ်တိုင်တွင် အသေခံခဲ့သည့် အကြောင်း ဖြစ်သည်ဟု ပိလိပ္ပု ရှင်းပြခဲ့သည်။ *(အသေခံရန် ယေရှု၏ အပ်နှံခဲ့သည့် အကြောင်း ရှင်းပြပါ။)*
- ထို့နောက် အဲသယောပိလူလည်း မိမိသည် အပြစ်သား ဖြစ်ကြောင်းနှင့် ဘုရားသခင်၏ ခွင့်လွှတ်ခြင်း ခံစားရရန် လိုအပ်ကြောင်းကို နားလည်လာခဲ့သည်။ ထို့ကြောင်း တွေဝေမနေဘဲ သခင်ယေရှု သူ့အတွက် အသေခံပေးခဲ့ခြင်းကို လက်ခံယုံကြည်ခဲ့သည်။ ***(တမန်၊၈း၃၂-၃၅)***
- သခင်ယေရှု၏ နောက်လိုက် ဖြစ်ကြောင်း သက်သေပြရန် ဖိလိပ္ပုသည် သူ့အား ဗတ္တိဇံ ပေးခဲ့သည်။ *(ဗတ္တိဇံ အကြောင်း ရှင်းပြပါ။) ပျော်ရွှင်မှုများ၊ ပြောင်လဲမှုများ သူ၏ အသက်တာထဲသို့ ဝင်ရောက်လာခဲ့ပြီး ပျော်ရွှင်စွာ ခရီးဆက်ခဲ့သည်။*
- ထို့နောက် သန့်ရှင်းသော ဝိညာဉ်တော်သည် ဖိလိပ္ပုအား ယေရှုအကြောင်းကို အခြားအရပ်တွင် ဟောပြောရန် ခေါ်ဆောင်သွားခဲ့သည်။ ***(တမန်၊၈း ၃၆-၄၀)***
- *မိမိတို့ အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ယေရှု အသေခံသည့် အကြောင်းကို လူသားတိုင်း ကြားသိကြရန် ဘုရားသခင် အလိုတော် ရှိသည်။ သမ္မာကျမ်းစာကို ကျွန်ုပ်တို့ နားလည်စေရန် ကူညီပေးသည့် သူများအကြောင်း ပြောပါ။ သခင်ယေရှု၏ သတင်းကောင်းကို ကြားသိရသည့်အတွက် ထိုသူတို့အား ကျေးဇူးတင်ရမည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ သတေဖန် နှင့် အဲသယောပိအမတ်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ - ***တမန်၊ ၈း ၃၅***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- ကောင်းကင်တမန်သည် ဖိလိပ္ပုအား မည်သည့်အရပ်သို့ သွားစေခဲ့ သနည်း။
- ထိုသူသည် မည်သည့် တိုင်းပြည်မှ လာသောသူဖြစ် သနည်း။
- ဖိလိပ္ပု အဘယ်ကြောင့် ထိုအမတ်ထံ သွားခဲ့ သနည်း။
- ထိုသူသည် မည်သည့် အကြောင်းကို ဖတ်နေ သနည်း။
- ယေရှု အကြောင်းကို ဖိလိပ္ပု ရှင်းပြလိုက်သည့်အခါ ထိုအမတ် ဘာလုပ်ခဲ့ သနည်း။
- ထိုသူသည် မည်သည့် နေရာတွင် ဗတ္တိဇံခံခဲ့ သနည်း။
- ထိုသူသည် မိမိအိမ်သို့ မည်သည့် ခံစားချက်ဖြင့် ပြန်သွားခဲ့သနည်း။
- ကျွန်ုပ်တို့၏ အပြစ်များ မည်သို့ ခွင့်လွှတ်ခြင်း ခံစား ရနိုင်သနည်း။

## က ၁၀ ပုံပြင် ၃
## ရှောလု နှင့် တောက်ပသော အလင်း- ဤပုံပြင်သည် အသက်တာကို ပြောင်းလဲစေသည့် ဘုရားသခင်၏ တန်ခိုးတော်အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- လူသားတို့သည် သခင်ယေရှုအား မုန်းကြသော်လည်း သူသည် လူသားအားလုံးအတွက် အသေခံပြီး၊ လူသားအားလုံးကို ချစ်သည်။
- လူ့အသက်တာကို ပြောင်းလဲစေနိုင်သည့် တန်ခိုးတော်သည် သခင်ယေရှု တစ်ပါးတည်း၌သာ ရှိသည်။

**အဓိကသော့ချက်ကျမ်း** ။ *၂ ကော၊ ၅း၁၇*
**ကျမ်းညွှန်း။** ။ *တမန်၊ ၉း ၁-၉*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- ရှောလုသည် သခင်ယေရှုကို မုန်းသည့် ယုဒလူ တစ်ဦး ဖြစ်သည်။ သူသည် သခင်ယေရှု၏ နောက်လိုက်များကို အလွန်မုန်းပြီး၊ သူတို့ အသေသတ်ခြင်း ခံရသည်ကို မြင်လိုသည်။ (သတေဖန် အသေသတ်ခြင်း ခံရသည့်အချိန်တွင် သူမည်သို့ ရှိနေကြောင်း ရှင်းပြပါ။ ပုံပြင် ၁)
- ရှောလုကဲ့သို့ သူငယ်ချင်း သူတို့တွင် ရှိနိုင်သလား ဟု ကလေးများကို မေးပါ။ အဘယ်ကြောင့်နည်း။

### သင်ကြားပေးပါ။

- တစ်နေ့သောအခါ ရှောလုသည် ခရစ်ယာန်များကို ရှာဖွေပြီး၊ ထောင်ထဲထည့်ရန် ဒမာသက်မြို့သို့ သွားခဲ့သည်။ ***(တမန်၊ ၉း၁-၂)*** *ထိုမြို့သို့ သွားသောလမ်းတွင် ရှောလု၏ ခံစားချက်နှင့် စိတ်နေသဘောထားကို ဆွေးနွေးပါ။*
- သူသည် ဒမာသက်မြို့သို့ ရောက်ခါနီးတွင်  အလွန်တောက်ပသည့် အလင်းကို သူ၏အနီးတဝိုက်တွင် မြင်ပြီး၊ မြေပေါ်သို့ လဲကျသွားခဲ့သည်။ *ရှောလုထံသို့ ပြောသောစကားနှင့် သူပြန်ပြောသော စကားတို့ကို အသုံးပြု၍ ပြောပြပါ။ ယခုတွင် ရှောလု မည်သို့ ခံစားနေမည်ကို ရှင်းပြပါ။* ***(တမန်၊၉း၃-၄)***
- အသံတော်က ယေရှု ဖြစ်သည်ဟု ပြန်ပြောခဲ့လေသည်။ *ယခုတွင် ရှောလုသည် မည်သည့် အရာကို နားလည်သဘောပေါက်ခဲ့ကြောင်း ရှင်းပြပါ။ ယေရှုသည် ဘုရားသခင်၏ သားတော် ဖြစ်သည်။ သူသည် အသက်ရှင်သည်။* ယေရှု အကြောင်း ရှောလု တွေးထင်ခဲ့သည့် အရာများသည် အမှားများသာ ဖြစ်ခဲ့သည်။ သခင်ယေရှုသည် သူအား ဒမာသက်မြို့ထဲသို့ သွားစေခဲ့သည်။ ထိုအရပ်တွင် သူပြုရမည့် အမှုကို ပြောလိမ့်မည်ဟု ပြောခဲ့သည်။ အသံတော်ကို ကြားသည့်အခါ ရှောလု နှင့်အတူရှိသော သူတို့သည့် အံ့သြကြသည်။ သို့သော် သူတို့သည် တစ်စုံတစ်ဦးကိုမျှ မမြင်ကြပေ။ ***(တမန်၊ ၉း ၅-၇)***
- ရှောလုသည် မြေမှ ထသည့်အခါ မျက်စိ ကွယ်သဖြင့် သူအား လက်မှတွဲ၍ မြို့ထဲသို့ ခေါ်ဆောင်ကြရသည်။ သူသည် သုံးရက်လုံး မျက်စိကွယ်နေပြီး အစာမစား ရေမသောက်ဘဲ နေလေသည်။ ***(တတမန်၊ ၉း၈-၉)*** မျက်စိကွယ်နေသည့် *သူ၏ခံစာချက်မှာ အဘယ်သို့ဖြစ်မည်ဟု သင်ထင်ပါသနည်း။*
- *သခင်ယေရှုသည် ရှေလုအား လမ်း၌ထင်ရှားပြသရခြင်းမှာ အဘယ်ကြောင်းနည်း။ ဆွေးနွေးပါ။ ရှောလုသည် ယေရှု နှင့် သူ၏ တပည့်တော်များကို မုန်းသည့်အကြောင်း ကလေးများအား သတိပေး ပြောပြပါ။ တပည့်တော်များ အသေသတ် ခံရခြင်းကို သူမြင်တွေ့ လိုခဲ့သည်။ သို့သော် သခင်ယေရှုသည် သူ့အား ချစ်ပြီး၊ သူ၏ နောက်လိုက် ဖြစ်စေလိုခဲ့သည်။ ရှောလုသည် သူ၏ နောက်လိုက် မဖြစ်ချင်သော်လည်း ယေရှုသည် သူ့အား တပည့်တော် ဖြစ်စေလိုသည်။ သခင်ယေရှုသည် ရှောလု၏ အသက်တာကို လုံးလုံး ပြောင်းလဲ စေလိုသည်။*
- *ကျွန်ုပ်တို့၏ အပြစ်များ လွတ်မြောက်ပြီး၊ အသစ်သော အသက်တာ၌ ရှင်သန်နိုင်သည့် တန်ခိုး ရရှိရန် သခင်ယေရှုကို ကျွန်ုပ်တို့ လိုအပ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။     ရှောလု၏ ပြောင်းလဲခြင်း ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ - ***၂ ကော၊ ၅း၁၇။*** ရှောလု၏ လူဟောင်းအသက်တာနှင့် စပ်ဆက်၍ ပြောပြပါ။ ထို့နောက် ခရစ်တော်၌ ကျွန်ုပ်တို့ ရှိသည့်အခါ ပြောင်းလဲလာသည့် ကျွန်ုပ်တို့၏ အသက်တာသစ် အကြောင်းကို ပြောပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ရှောလုသည် မည်သည့် အရပ်သို့ သွားခဲ့သနည်း။
- ဤလမ်းခရီးကို သူ သွားရခြင်းမှာ အဘယ်ကြောင့်နည်း။
- သူသည် အဘယ်အရာကို မြင်သနည်း။
- သူသည် အဘယ်အရာကို ကြားသနည်း။
- အသံတော်က မည်သို့ ပြောသနည်း။
- ယေရှု သူထံစကား ပြောနေသည်ကို သိလိုက်ရသည့်အချိန်တွင် ရှောလု မည်သည့်အရာကို နားလည် သဘောပေါက် ခဲ့သနည်း။
- သုံးရက်လုံးလုံး ရှောလု မလုပ်ခဲ့သည့် အရာမှာ အဘယ်နည်း။
- ကျွန်ုပ်တို့သည် အသစ်သော အသက်တာ၌ ရှင်သန်နိုင်သည့် တန်ခိုးကို ပေးပိုင်နိုင်သည့် တစ်ဦးတည်းသော ပဂ္ဂိုလ်မှာ မည်သူနည်း။

## <u>က ၁၀ ပုံပြင် ၄</u>

## ရှောလုသည် ပြောင်းလဲလာသည့် လူတစ်ဦး ဖြစ်ခဲ့သည်။ - ဤပုံပြင်သည် အခြားသူများထံ ဟောပြောရန် ရှောလုအား ဘုရားသခင် မည်သို့ အသုံးပြုခဲ့သည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ဘုရားသခင်သည် ကျွန်ုပ်တို့အား ကူညီပေးပြီး ကျွန်ုပ်တို့ အကူအညီ လိုအပ်သောအချိန်တွင် ကူညီပေးမည့် သူများကို စေလွှတ်ပေးသည်။
- ရှောလု၏ အသက်တာ ပြောင်းလဲလာသကဲ့သို့ ယနေ့တွင် ဘုရားသခင်သည် လူသားတို့၏ အသက်တာများကို ပြောင်းလဲ ပေးနေသည်။ ထိုသူတို့အား သူ့အတွက် အသုံးရသောသူများ ဖြစ်အောင် သူပြုလုပ် ပေးနိုင်သည်။

**အဓိကသော့ချက်ကျမ်း** *။ တမန်၊ ၉း၂၀*

**ကျမ်းညွှန်း။** *။ တမန်၊ ၉း ၁၀-၂၃*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- ရှောလု ပုံပြင်မှ အစပိုင်းကို ပြန်လှန်ပေးပါ။ ရှောလု၏ လူဟောင်းဘဝသည် မည်သို့ ဖြစ်သည်ကို သင် သတိရပါ သလား။ လူဟောင်း ရှောလုနှင့် ပတ်သက်သည့် အကြောင်းကို ဒမာသက်မြို့၌ နေသော ယေရှု၏ တပည့်တော်သည် မည်သို့ သိရှိခံစားထားပြီးဖြစ် သနည်း။
- ဘုရားသခင်သည် သူတို့ကို ပြုပြင်ပေးရန် လိုအပ်သည့်အတွက်ကြောင့် လူသစ် ရှောလုကို သူ၏ မိသားစုဝင် အသစ်တစ်ဦးအဖြစ် ၎င်းတို့ လိုလိုလားလား လက်ခံရန် လိုအပ်သည်။ မည်သည့်အရာ ဆက်လက်ဖြစ်ပွားသည်ကို ကြည့်ကြပါစို့။

### သင်ကြားပေးပါ။

- ဘုရားသခင်သည် ဗျာဒိတ်တော်အားဖြင့် အာနာနိထံ စကားပြောခဲ့သည်။ ရှောလုအား သွားရှာရန် ပြောခဲ့သည်။ ***(တမန်၊ ၉း၁၀-၁၂)*** *အာနာနိ သွားချင်မည်ဟု သင် ထင်ပါသလား။ အဘယ်ကြောင့်နည်း။*
- ရှောလုသည် သူ့အား ဖမ်းဆီးပြီး၊ ထောင်ထဲထည့် မည်လားဟု အာနာနိ စိုးရိမ်ခဲ့သည်။ မစိုးရိမ်နှင့် ထိုသူသည် တပါးအမျိုးသားထံ နှင့် သခင်ယေရှုအကြောင်း မကြားသိသေသော သူမျာထံ ဘုရားသခင်၏ အကြောင်း ဟောပြောရန် ငါအထူး ရွေးကောက်သောသူ ဖြစ်သည် ဟု ဘုရားသခင်သည် အာနာနိအား ပြောခဲ့သည်။ ***(တမန်၊ ၉း ၁၃-၁၆)***
- အာနာနိသည် ဘုရားသခင်၏ စကားကို နာခံခဲ့ပြီး ရှောလုထံ သွားခဲ့သည်။ အာနာနိသည် ရှောလုအား ညီရှောလု ဟု ခေါ်ခဲ့သည်။ *(သူတို့သည် အဘယ်ကြောင့် ညီအစ်ကို ဖြစ်သည်ကို ရှင်းပြပါ။)* ထို့နောက် သခင်ဘုရားသည် သူ့အား စေလွှတ်သည်ဟု ပြောခဲ့သည်။ ရှောလု၏ မျက်စိ ပြန်မြင်စေရန်အတွက် အာနာနိသည် သူ့အပေါ်သို့ လက်ကိုတင်ခဲ့သည်။ ရှောလုသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ခဲ့သည်။ သူသည် ဗတ္တိဇံ ခံယူခဲ့ပြီး၊ အစာအဟာရကို သုံးဆောင်လေသည်။ ***(တမန်၊ ၉း ၁၇-၁၉)*** *အာနာနိ သူထံ လာလည်သည့်အခါ ရှောလု မည်သို့ ခံစားမည်နည်း။*
- များမကြာမီ ရှောလုသည် ဒမာသက်မြို့ရှိ အခြားသော ယေရှု၏ တပည့်တော်များနှင့် တွေ့ဆုံခဲ့သည်။ သူသည် ချက်ချင်းပင် သခင်ယေရှု၏ အကြောင်းကို စတင် ဟောပြောခဲ့သည်။ *ဒမာသက်မြို့၌ ရှောလုကို တွေ့ဆုံသောသူများ၏ တုန့်ပြန်မှုကို ရှင်းပြပါ။ ဤအချက်သည် ထိုအရပ်၌ ရှိသော ယုဒ လူတို့ မျှော်လင့် ထားသည့် အရာမဟုတ်ပေ။*
- ရှောလု၏ အသက်တာ ပြောင်းလဲခြင်းအကြောင်းကို ကြားသောသူတို့သည် သူဟောပြောသော ဒေသနာကို မနှစ်သက်ကြသည့်အတွက် သူ့အား သတ်ရန် လျှို့ဝှက်ကြံစည်ခဲ့ ကြသည်။ တပည့်တော်တို့သည် ညအခါ ပေါလုအား တောင်း၌ ထည့်ပြီးလျှင် မြို့ရိုးပေါ်က လျှော့ချပေးခြင်းအားဖြင့် ဒမာသက်မြို့မှ ရှောလု လွတ်မြောက်အောင် ကူညီပေးခဲ့ကြသည်။ ***(တမန်၊ ၉း ၁၉-၂၅)*** *ရှောလု၏ အသက်တာ ပြောင်းလဲခြင်း နှင့် ယခုလက်ရှိ အခြေအနေ အားဖြင့် သူသည် သခင်ယေရှု၌ ယုံကြည်သောသူ ဖြစ်ကြောင်း သိသိသာသာ သိနိုင်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ရှောလု၏ ပြောင်းလဲခြင်း ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***တမန်၊ ၉း ၂၀***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ဘုရားသခင်သည် အာနာနိထံ ဘာပြော ခဲ့သနည်း။
- အာနာနိသည် ရှောလုထံ သွားရန် အဘယ်ကြောင့် ကြောက်ရွံ့နေရ သနည်း။
- ရှောလု၏ အလုပ်အသစ်မှာ အဘယ်နည်း။
- အာနာနိ၏ လက်သည် ရှောလုအပေါ်သို့ တင်လိုက်သည့်အခါ ရှောလု၏ မျက်စိသည် မည်သို့ ဖြစ်သွားသနည်း။
- အာနာနိသည် ရှောလုထံ လာရောက်ခြင်းအားဖြင့် ရှောလု ရရှိလိုက်သည့် အခြားသောဆုမှာ အဘယ်နည်း။
- ရှောလုသည် မည်သည့်အရာကို ချက်ချင်း ထလုပ်ခဲ့သနည်း။
- ရှောလုအား အဘယ်ကြောင့် တောင်းထဲထည့်၍ လွတ်မြောက်စေရန် ပြုလုပ်ပေးခဲ့ရသနည်း။
- ရှောလု၏ အသက်တာ ပြောင်းလဲသကဲ့သို့ ကျွန်ုပ်တို့၏ အသက်တာ မည်သို့ လုံးလုံးပြောင်းလဲ နိုင်သနည်း။

<u>က ၁၁ ပုံပြင် ၁</u>

## အန္တိအုတ်၌ (ရှောလု) ပေါလု - ဤပုံပြင်သည် ဘုရားသခင်၏ အမှုတော်မြတ်၌ ကူညီပေးခြင်း အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ခရစ်တော်၌ ယုံကြည်သောသူများကို "ခရစ်ယာန်" ဟု ခေါ်သည်။
- ခရစ်တော်၌ ကျွန်ုပ်တို့ ယုံကြည်လာသည့်အခါ ကျွန်ုပ်တို့အတွက် ဘုရားသခင်၌ အထူးအစီအစဉ် ရှိသည်။ ကျွန်ုပ်တို့သည် သူအား ကူညီပေးသော သူများဖြစ်ရန် ဘုရားသခင် အလိုတော် ရှိသည်။

**အဓိကသော့ချက်ကျမ်း** *။ တမန်၊ ၁၁း ၂၆*

**ကျမ်းညွှန်း။** *။ တမန်၊ ၁၁း ၁၉-၂၆*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- မတူညီသည့် အခြေအနေ အရပ်ရပ်တွင် မည်ကဲ့သို့ အကူအညီပေးနိုင်ကြောင်း ကလေးများကို မေးပါ။ - သင်၏ ဆရာ/မ ကို သင်မည်သို့ အကူအညီ ပေးနိုင်သနည်း။ သင်၏ မိခင် ဖျားနာပါက အိမ်၌ မိသားစုများကို သင်မည်သို့ အကူအညီ ပေးမည်နည်း။
- ယနေ့ ပုံပြင်သည် ဘုရားသခင်၏ (အလုပ်) အမှုတော်မြတ်ထဲတွင် အကူအညီပေးသည့် လူနှစ်ဦး၏အကြောင်း ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားပေးပါ။**

- သခင်ယေရှု၏ သတင်းကောင်းသည် ကျယ်ပြန့်လာပြီး ဘုရားသခင်၏ အသင်းတော်သည်လည်း ကြီးထွားလာခဲ့သည်။ အချို့သော ယုံကြည်သူများသည် အန္တိအုတ် ဟု ခေါ်သောမြို့တွင် သွားရောက် နေထိုင်ကြသည်။ ယုံကြည်သူတို့သည့် ထိုမြို့၌ ယေရှု၏ သတင်းကောင်းကို မကြားဖူးသော သူများထံ ယေရှု၏ သတင်းကောင်းကို ဝေမျှ ဟောပြောခဲ့ ကြသည်။ လူအများ သခင်ယေရှုကို ယုံကြည်လာခဲ့ကြသည်။ ***(တမန်၊၁၁း ၁၉-၂၁)***
- အန္တိအုတ်မြို့၌ ဖြစ်ပျက်ခဲ့သည့် ကြီးစွာသော ပြောင်းလဲမှုကြီး အကြောင်းကို ယေရုရှလင်၌ ရှိသော အသင်းတော်သည် များမကြာမီ အချိန်အတွင်းတွင် ကြားသိခဲ့သည်။ *ယုံကြည်သူများ မည်သို့ ခံစားကြ မည်နည်း။ (စိတ်လှုပ်ရှားမည်လား။)* ပိုမိုလှုပ်ရှားနိုင်ရန် ဗာနဗ ဟု ခေါ်သောသူကို စေလွှတ်ခဲ့သည်။ သူသည် ရောက်သွားခဲ့ပြီး၊ ယုံကြည်သူ လူသစ်များကို တွေ့ရှိရသည့်အတွက် သူအလွန် အားရကျေနပ် ခဲ့ရသည်။ ဗာနဗသည် ယုံကြည်သူ လူသစ်များကို သူတက်နိုင်သမျှ အကောင်းဆုံး သင်ကြား ပေးခဲ့သည်။ သခင်ယေရှုကို ချစ်ရန် ခွန်အားပေးတိုက်တွန်း ပေးခဲ့သည်။ ***(တမန်၊ ၁၁း ၂၂-၂၄)*** *ဗာနဗသည် မည်ကဲ့သို့သော လူမျိုး ဖြစ်သနည်း။*
- ဗာနဗသည် အန္တိအုတ်မြို့၌ အလွန် အလုပ်များသည့်အတွက် သူအား ကူညီမည့်သူ လိုအပ်သည်။ သူနှင့် လွန်ခဲ့သည့် နှစ်အနည်းငယ်က သိခဲ့သည့် ရှောလုကို ဘုရားသခင် ဖော်ပြခဲ့သည်။ ရှောလုသည် သခင်ယေရှုနှင့် တွေ့ပြီး နောက်တွင် သူ၏ မွေးဇာတိ ဖြစ်သော တာရှုမြို့သို့ ပြန်သွားခဲ့သည်။ ဗာနဗသည် တာရှုမြို့သို့ သွားပြီး သူအား ကူညီရန်အတွက် ရှောလုကို အန္တိအုတ်မြို့သို့ ခေါ်ခဲ့သည်။ (တမန်၊ ၁၁း၂၅-၂၆)
- *အန္တိအုတ်မြို့သည် ရှောလု(ပေါလု) အတွက် အလွန်အရေးပါသော နေရာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သာသနာပြုအဖြစ် သူ စတင် အလုပ်လုပ်ခဲ့သည့် နေရာ ဖြစ်သောကြောင့် ဖြစ်သည်။ ထိုအလုပ်သည် အထူးအလုပ် ဖြစ်သည်။* သူ အတွက် ဘုရားသခင် ပြင်ဆင် ပေးထားသည့် အရာ ဖြစ်သည်။ ရှောလု နှင့် ဗာနဗ တို့သည် အန္တိအုတ်ရှိ ယုံကြည်သော သူများကို နှုတ်ကပတ်တော် သင်ကြားပေးခြင်းဖြင့် နောက်ထပ်တစ်နှစ် ဆက်နေခဲ့ကြသည်။ ထိုအချိန် အတောအတွင်း ခရစ်တော်၌ ယုံကြည်သောသူများကို "ခရစ်ယာန်" ဟု အဦးခေါ်ခြင်း ခံခဲ့ရသည်။ ***(တမန်၊ ၁၁း ၂၆)***
- *ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌ ယုံကြည်လာကြသည့်အခါ "ခရစ်ယာန်များ" ဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် သူ၏ နာမကို အတူမျှဝေ ကြရသည်။ ပေါလု အတွက် ဘုရားသခင်၌ အစီအစဉ် ရှိသကဲ့သို့ ကျွန်ုပ်တို့အတွက်လည်း ဘုရားသခင်၌ အစီအစဉ် ရှိသည်။ ခရစ်ယာန်များသည် သူအား အကူအညီ ပေးသောသူများ ဖြစ်ရန် ဘုရားသခင် အလိုတော် ရှိသည်။*
- *ခရစ်ယာန် ဖြစ်လာသည် ဆိုသောအဓိပ္ပာယ်ကို ကလေးများ နားလည်/မလည် ဆန်းစစ်ပါ။*
- *ခရစ်ယာန်များသည် ဘုရားသခင်အား ကူညီသောသူများအဖြစ် ဘုရားသခင် မည်သို့ အသုံးပြုနိုင်ကြောင်း ဆွေးနွေးပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ကုပရုကျွန်း၌ ပေါလု ဟု ခေါ်သော အတွဲကို အသုံးပြုပါ။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***တမန်၊ ၁၁း ၂၆***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- မည်သည့် မြို့တွင် အသင်းတော် ကြီးထွား လာသနည်း။
- ယေရုရှလင်၌ ရှိသော အသင်းတော်သည် မည်သူအား အန္တိအုတ်မြို့သို့ စေလွှတ်ခဲ့ သနည်း။
- ဗာနဗသည် အန္တိအုတ်မြို့တွင် ဘာလုပ်ခဲ့ သနည်း။
- ဗာနဗသည် မကြာမီ မည်သည့်အရာ လိုအပ်လာ သနည်း။
- ဗာနဗသည် မည်သူအား သွားရောက် ခေါ်ဆောင်လာ သနည်း။
- ရှောလု နှင့် ဗာနဗသည် အန္တိအုတ်မြို့၌ အချိန် မည်မျှ နေထိုင်ခဲ့ကြ သနည်း။
- သခင်ယေရှု၌ ယုံကြည်လာသောသူများကို မည်သို့ အမည် မှည့်ခေါ်ကြ သနည်း။
- ရှောလုသည် မည်သူ၏ အလုပ်ကို (အမှုဆောင်) လုပ်ဆောင်သနည်း။

<u>က ၁၁ ပုံပြင် ၂</u>

## ကုပရုကျွန်း၌ ပေါလု (ရှောလု) - ဤပုံပြင်သည် သခင်ယေရှု၏ အကြောင်းကို တစ်ပါးသူများထံ ဝေငှသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ခြင်း အားဖြင့် မှန်ကန်သော ရွေးချယ်မှုများ ပြုလုပ်ရန် လိုအပ်သည်။
- ကျွန်ုပ်တို့သည် တစ်ပါးသူများထံ သခင်ယေရှု အကြောင်းကို ဝေငှသင့်သည်။

**အဓိကသော့ချက်ကျမ်း** ။ *မသဲ ၂၈း ၁၉*
**ကျမ်းညွှန်း။** ။ *တမန် ၁၃း ၁-၁၂*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- ကလေးများကို နှစ်ယောက် တစ်တွဲ တွဲစေပြီး၊ ယေရှုအကြောင်း သူတို့ စဉ်းစားနိုင်သမျှ များများ စဉ်းစာခိုင်းပါ။
- ယနေ့ ပုံပြင်သည် ပေါလု၊ (သူ့နာမည်ပြောင်းသည့် အကြောင်း ဖော်ပြပါ။) ဗာနဗ၊ ယောဟန်မာကု တို့ သခင်ယေရှု၏ သတင်းကောင်းကို လူများထံ ဝေငှသည့် အကြောင်း ဖြစ်သည်ကို ကလေးများထံ ရှင်းပြပါ။ သူတို့၏အကြောင်း အကျဉ်းချုံးကို ဘောပေါ်တွင်ရင်း ဖလင်ချပ်ပေါ်တွင်ရင်း သင် မှတ်တမ်း ပြုစုနိုင်သည်။ လူတိုင်း သခင်ယေရှုအကြောင်း သိရန် အရေးကြီးကြောင်းနှင့် ထိုသူတို့၏ လုပ်ဆောင်ချက်များကို ညွှန်ပြခြင်းဖြင့် သူတို့၏ တွေ့ရှိချက်များကို အတိုချုံး၍ သင်ပြောပြနိုင်သည်။

### သင်ကြားပေးပါ။

- တစ်နေ့သောအခါ အန္တိအုတ်ရှိ ခရစ်ယာန်များသည် အတူတကွ စုရုံးကြသည်။ ပေါလု နှင့် ဗာနဗတို့လည်း ပါဝင်ကြသည်။ ထိုစဉ် သန့်ရှင်းသော ဝိညာဉ်တော်က  ပေါလု နှင့် ဗာနဗတို့သည် ဘုရားသခင်၏ အမှုကို ဆောင်ရွက်ရန် ရွေးချယ်ခဲ့ထားရမည်ဟု အခြားသော ခေါင်းဆောင်များထံ ရှင်လင်းစွာ ဖော်ပြခဲ့သည်။ ပေါလု၊ ဗာနဗ၊ နှင့် ဗာနဗ၏ တူလေးဖြစ်သော ယောဟန်မာကု တို့အတွက် ဆုတောင်းပြီး နောက်တွင် ကုပရုကျွန်းသို့ သင်္ဘောနှင့် ရွက်လွှင့်သွားကြသည်။ ***(တမန် ၁၃း ၁-၄)***
- ထိုကျွန်းသို့ ရောက်ရှိသွားသောအချိန်တွင် သူတို့သည် ကျွန်းတစ်ကျွန်းလုံးသို့ လှည့်ပတ်သွားကြပြီး သခင်ယေရှု၏ သတင်းကောင်းကို ဟောပြော ဝေငှကြသည်။ သူတို့သည် ပါဖုသို့ ရောက်သောအခါ ကုပရု မြို့ဝင်မင်းထံတွင် အမှုထမ်းသည့် နတ်ဝိဇ္ဇာအတတ်သမားနှင့် တွေ့ကြသည်။ မြို့ဝန်မင်းသည် ပေါလု နှင့် ဗာနဗတို့၏ သတင်းကို ကြားသည့်အခါ သူတို့နှင့် တွေ့ဆုံလိုသည်။ မြို့ဝန်မင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ယုံကြည်သည့် အတွက်ကြောင့် ကြားနာလိုသည်။ သို့သော် နတ်ဝိဇ္ဇာအတတ်သမား ဧလုမသည် ယုံကြည်ခြင်း လွဲမှားရန် သူ့အား ဟန့်တားသည်။ ***(တမန် ၁၃း၅-၈)***
- နတ်ဝိဇ္ဇာအတတ်သမားသည် မာရ်နတ်၏ အလုပ်ကို လုပ်နေသောသူဖြစ်ကြောင်း ပေါလုသိခဲ့သည်။ ပေါလုသည် သန့်ရှင်းသော ဝိညာဉ်တော် တန်ခိုးနှင့် ပြည့်ဝနေသည်။ သူသည် နတ်ဝိဇ္ဇာအတတ်သမားအား စေ့စေ့ကြည့်၍ မာရ်နတ်၏သား ယခုမှစ၍ ဘုရားသခင်သည် သင်၏ မျက်စိကွယ်စေပြီးဟု ဆိုလေ၏။ ပေါလု ဆိုသည်ခဏတွင် ဧလုမသည် မျက်စိကွယ်၍ သူအားလက်ဆွဲပေးမည့်သူကို ရှာဖွေ၏။ ***(တမန် ၁၃း၉-၁၁)*** *သခင်ယေရှုကို ဆန့်ကျင်ခြင်းသည် မှားယွင်းသော အရာဖြစ်ကြောင်း ရှင်းပြပါ။*
- မြို့ဝန်မင်းသည် ဘုရားသခင်၏ ကြီးမားသည့် တန်ခိုးတော်ကို မြင်ရသည့်အခါ သခင်ယေရှုကို သူယုံကြည်လာသည်။ ***(တမန် ၁၃း၁၂)***
- *ပေါလု၊ ဗာနဗ၊ ယောဟန်မာကု နှင့် မြို့ဝန်မင်းတို့သည် သခင်ယေရှု၌ ယုံကြည်ခြင်းအားဖြင့် မှန်ကန်သည့် ရွေးချယ်မှုကို ပြုခဲ့သည်။ ဧလုမသည် မှားယွင်းသည့် ရွေးချယ်မှုကို ပြုခဲ့သည်။ ကျွန်ုပ်တို့လည်း ယေရှုအား ယုံကြည်ရန် သခင်ယေရှု အလိုတော်ရှိသည်။*
- *အခြားသော တစ်နေရာတွင် သခင်ယေရှု အကြောင်းကို ဟောပြောသောသူ တစ်စုံတစ်ဦးကို သင်သိပါသလား။*
- *သခင်ယေရှု၏ အကြောင်းကို အခြားသူများထံ သင်မည်သို့ ပြောနိုင်မည်နည်း။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ ပေါလု နှင့် ဗာနဗ ကုပရုကျွန်း၌ လှည့်ပတ်သည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***မသဲ ၂၈း၁၉။*** ဤစကားများသည် သခင်ယေရှု ကောင်းကင်သို့ ပြန်မတက်ကြွမီ မိန့်မှာခဲ့သည့် စကားများ ဖြစ်သည်။ လောကီနိုင်ငံ အရပ်ရပ်ရှိ လူတို့သည် သခင်ယေရှု၏သတင်းကောင်းကိုကြားသိကြပြီး၊ သူ့အား ယုံကြည်ရန်မှာ သူ၏ အစီအစဉ် ဖြစ်သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- မည်သူသည် ပေါလု နှင့် ဗာနဗ တို့အား အထူး အမှုထမ်းရန် စေလွှတ် သနည်း။
- သူတို့ နှင့်အတူ မည်သူ လိုက်ပါသွား သနည်း။
- သူတို့သည် မည်သို့ ခရီးသွားခဲ့ကြ သနည်း။
- သူတို့ သွားရောက်သော ကျွန်းအမည်မှာ အဘယ်နည်း။
- သူတို့သည် ပါဖုတွင် မည်သူနှင့် တွေ့ကြ သနည်း။
- ပါဖု၌ မည်သူသည် သခင်ယေရှုကို ယုံကြည်လာခဲ့ သနည်း။
- နတ်ဝိဇ္ဇာအတတ်သမားသည် မည်သို့ ဖြစ်သွား သနည်း။
- အဓိကသော့ချက်ကျမ်းတွင် စကားပြောသောသူမှာ မည်သူ နည်း။

<u>က ၁၁ ပုံပြင် ၃</u>

## လုဒိ နှင့် ပေါလု တွေ့ဆုံခဲ့သည်။ - ဤပုံပြင်သည် သခင်ယေရှု၌ ယုံကြည်လာသည့် အမျိုးသမီး တစ်ယောက်အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ပေါလု နှင့် သူ၏သူငယ်ချင်းတို့သည် လူများထံ သခင်ယေရှု၏ သတင်းကောင်းကို ဝေမျှဟောပြောနိုင်ရန် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ကို ဦးဆောင်လမ်းပြခဲ့သည်။
- လူတိုင်း သခင်ယေရှု၏ သတင်းကောင်း အကြောင်းကို ကြားနာနိုင်ပြီး၊ ထိုသတင်းကောင်းကို ယုံကြည်နိုင်သည်။

**အဓိကသော့ချက်ကျမ်း** ။ *တမန်၊ ၂း ၂၁*
**ကျမ်းညွှန်း။** ။ *တမန်၊ ၁၆း ၆-၁၅*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- ကလေးများ ခရီးဝေး သွားခဲ့ကြဖူးသည့် အကြောင်းကို သင့်အား ပြောပြရန် သူတို့အား မေးပါ။ ကလေးတို့ ဘယ်ကို သွားခဲ့တာလဲ။ အဲနေရာကို သွားတာ အချိန်ဘယ်လောက် ကြာလဲ။ အဲနေရာမှ သား/သမီး ဘယ်သူကို မြင်တွေ့ခဲ့လဲ။ စသည်ဖြင့် မေးပါ။
- ယနေ့ ပုံပြင်သည် ပေါလု နှင့် သူ၏သူငယ်ချင်းများ ခရီးတစ်ခုကို သွားခဲ့ကြသည့်အကြောင်း ဖြစ်ကြောင်း ကလေးများထံ ရှင်းပြပါ။

### သင်ကြားပေးပါ။

- ပေါလု နှင့် သူ၏သူငယ်ချင်း နှစ်ဦးဖြစ်သော သိလ နှင့် တိမောသေတို့သည် မိုင်ပေါင်းများစွာ ခရီးသွားခဲ့ကြသည်။ တစ်နိုင်ငံပြီး တစ်နိုင်ငံ သွားခဲ့ကြသည်။ ဘုရားသခင် သူတို့အား သွားစေလိုသည့် နေရာကို သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အား တိတိကျကျ ဖော်ပြခဲ့သည်။ မည်သည်နေရာသို့ သွားရသွားရ ပြဿနာမရှိပါ။ နေရာတိုင်းတွင် သခင်ယေရှု၏ သတင်းကောင်း အကြောင်းကို ကြားနာရန် လိုအပ်နေသည့် လူများစွာ ရှိနေသောကြောင့် ဖြစ်သည်။ ***(တမန်၊ ၁၆း ၆-၈)***
- သူတို့သည် ပင်လယ် ဆိပ်ကမ်းမြို့သို့ ရောက်ရှိသွားခဲ့ကြသည်။ ထိုနေ့ညတွင် ပေါလုသည် ထူးခြားသည် အိပ်မက်ကို မြင်မက်ခဲ့သည်။ အိပ်မက်ထဲတွင် မာကေဒေါနိ လူတစ်ယောက်က မာကေဒေါနိပြည်သို့ ကူးပါ။ ငါတို့အား ကူညီပါဟု ပေါလုအား တောင်းဆိုနေသည်။ သူတို့သည် နောက်ထပ် မည်သည့်နေရာသို့ သွားသင့်ကြောင်း ဘုရားသခင်သည် ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်ဟု ပေါလု သိလိုက်သည်။ ***(တမန်၊ ၁၆း ၉-၁၀)*** *ဘုရားသခင်သည် ထို့အရပ်တွင် ရှိသောသူများအား ယေရှု၏ သတင်းကောင်းကို ကြားစေလိုသည့်အတွက် ပေါလု နှင့် သူငယ်ချင်းများကို ထိုအရပ်သို့ စေလွှတ်ခဲ့ခြင်း ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။ မည်သည့်နေရာတွင် နေရစေကာမူ ဘုရားသခင် အတွက် မဖြစ်နိုင်တာ မရှိပါ။ လူတိုင်း သူ၏ အကြောင်း ကြားသိရန် ဘုရားသခင် အလိုတော် ရှိသည်။*
- ထိုနေရာသို့ သွားသော သင်္ဘောကို သူတို့ မြန်မြန် ရှာတွေ့ခဲ့သည်။ မကြာမီ ဖိလိပ္ပိဟု ခေါ်သော မြို့ကြီးသို့ သူတို့ ရောက်ရှိသွားကြသည်။ ဥပုဒ်နေ့တွင် ပေါလု နှင့် သူ၏ သူငယ်ချင်းတို့သည် မြို့ပြင်ရှိ ကမ်းခြေသို့ လမ်းလျှောက် ထွက်ခဲ့ကြသည်။ ထိုနေရာတွင် ဆုတောင်းရန် လာသည့် အမျိုးသမီးအချို့ကို သူတို့ တွေ့ရှိခဲ့ကြသည်။ ***(တမန်၊၁၆း၁၁း၁၃)*** ကမ်းခြေရှိ အမျိုးသမီးတို့သည် ဆုတောင်းနေကြသည်။ *ကျွန်ုပ်တို့သည် မည်သည့် နေရာတွင် ဘုရားသခင်ကို စကားပြောနိုင်ကြသနည်း။ (ကျွန်ုပ်တို့သည် မည်သည့်နေရာတွင်မဆို ဘုရားသခင်ကို စကားပြောနိုင်ကြကြောင်း ကလေးများကို ရှင်းပြပါ။)*
- အမျိုးသမီးတစ်ဦး၏ အမည်မှာ လုဒိ ဖြစ်သည်။ သူမသည် နီမောင်းသော အထည်အလိပ်ကို ရောင်းသောသူ ဖြစ်သည်။ သူမသည် ဘုရားသခင်ကို ယုံကြည်ခဲ့သည်မှာ ကြာခဲ့ပြီးဖြစ်သည်။ သို့သော် သူမသည် ဘုရားသခင်၏ သားတော် သခင်ယေရှု၏ အကြောင်းကို မကြားဖူးသေးပေ။ ပေါလု၏ ဟောပြောခြင်းကို သူမ ကောင်းစွာ နားထောင်နေသည်။ သူမ ကြားနေသောအရာသည် မှန်ကန်ကြောင်း သူမ၏ နှလုံးသားထဲတွင် သိလာခဲ့ပြီး၊ သူမသည် သခင်ယေရှုကို ယုံကြည်သောသူ ဖြစ်လာခဲ့သည်။ ပေါလုတို့သည် သူမ၏ မြို့သို့ လာရောက် ခဲ့သည့်အတွက် သူမ အလွန် ဝမ်းမြောက်ခဲ့ရသည်။ ***(တမန်၊ ၁၆း ၁၄-၁၅)*** လုဒိ၏ မိသားစုဝင်များလည်း ခရစ်ယာန် ဖြစ်လာခဲ့ကြသည်။ သူတို့အားလုံး ဗတ္တိဇံ ခံယူခဲ့ကြပြီး၊ ပေါလု နှင့် သူငယ်ချင်းများအား သူတို့၏ အိမ်တွင် လာရောက်နေထိုင်ရန် ဖိတ်ခေါ်ခဲ့ကြသည်။
- *ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် လုဒိ နှင့် သူမ၏ မိသားစုထံ သယ်ဆောင်လာသည့် ပြောင်းလဲခြင်း အကြောင်း ပြောပါ။ လူတစ်ယောက် ယေရှု၌ ယုံကြည်လာသည့် အချိန်တွင် ထူးခြားစွာ ပြောင်းလဲ သွားကြောင်း ရှင်းပြပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ ပေါလု နှင့် သိလတို့ ဖိလိပ္ပိမြို့သို့ ခရီးထွက်ကြသည်။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***တမန်၊ ၂း ၂၁***။ ထာဝရဘုရား၏ နာမတော်ကို ခေါ်ခြင်း (ပဌာနာပြုခြင်း) အဓိပ္ပာယ်မှာ အပြစ်မှ ကျွန်ုပ်တို့အား ကယ်တင်ရန် တောင်းဆိုခြင်း ဖြစ်ကြောင်း ရှင်းပြပါ။ ဤအချက်သည် ပုံပြင်ထဲတွင် လုဒိ လုပ်ဆောင်သော အရာ ဖြစ်သည်။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ပေါလု၏ သူငယ်ချင်းတစ်ဦးအမည်။
- ဘုရားသခင် သူတို့အား သွားစေလိုသောနေရာကို မည်သူသည် သူတို့အား ဖော်ပြခဲ့ သနည်း။
- ပေါလု၏ အိပ်မက်တွင် မည်သည့်အရာကို မြင်မက်ခဲ့ သနည်း။
- ပေါလု နှင့် သူ၏ သူငယ်ချင်းတို့သည် အဘယ်နည်းလမ်းဖြင့် မာကေဒေါနိပြည်သို့ သွားခဲ့ကြ သနည်း။
- ပေါလု နှင့် သူ၏ သူငယ်ချင်းတို့သည် လုဒိနှင့် မည်သည့် နေရာတွင် တွေ့ရှိခဲ့ကြ သနည်း။
- သူတို့ ဘာလုပ်နေကြ သနည်း။
- လုဒိသည် မည်သည့် အလုပ်ကို လုပ်ကိုင်သူ ဖြစ်သနည်း။
- လုဒိသည် သခင်ယေရှု၏ အကြောင်းကို ကြားပြီးနောက်တွင် ဘာလုပ်ခဲ့ သနည်း။

## <u>က ၁၁ ပုံပြင် ၄</u>

## ထောင်ထဲ၌ ပေါလု နှင့် သီလ - ဤပုံပြင်သည် လူများစွာ ကယ်တင်ခြင်း ခံစားကြသည့် အကြောင်း ဖြစ်သည်။

| | |
|---|---|
| | **ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>• ကျွန်ုပ်တို့သည် ကယ်တင်ခြင်း ခံစားရရန် သခင်ယေရှုကို ယုံကြည်လက်ခံရမည် ဖြစ်သည်။<br>• ခရစ်ယာန် ဖြစ်လာခြင်းသည် လူတစ်ယောက်၏ အသက်တာကို ထူးခြားစွာ ပြောင်းလဲ စေသည်။<br><br>**အဓိကသော့ချက်ကျမ်း** ***။ တမန်၊ ၁၆း ၃၁***<br>**ကျမ်းညွှန်း။** ***။ တမန်၊ ၁၆း ၁၆-၃၄*** |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | • သူတို့အား ပျော်ရွှင်စေသောအရာမှာ မည်သည့်အရာ ဖြစ်ကြောင်း ကလေးများကို မေးပါ။<br>• ယနေ့ ပုံပြင်သည် ပျော်ရွှင်သည့် လူအချို့၏ အကြောင်းဖြစ်ကြောင်း ကလေးများကို ပြောပြပါ။ မည်သူသည် ပျော်ရွှင်သောသူ ဖြစ်ကြောင်း သိနိုင်ရန် ဂရုစိုက်နားထောင်ရန် ကလေးများကို ပြောပါ။ |
| **သင်ကြားပေးပါ။** | • တစ်နေ့သ၌ ပေါလု နှင့် သီလတို့သည် ဖိလိပ္ပိမြို့တွင် ရှိနေစဉ် အစေခံ မိန်းကလေးတစ်ဦးကို ကယ်တင်ပေးခဲ့သည်။ ဤအရာသည် သူမ၏ သခင်အား အလွန်အမျက်ထွက်စေခဲ့သည်။ သူတို့သည် ပေါလု နှင့် သီလကို ဆွဲငင်ပြီး၊ သူတို့ အကြောင်းကို မဟုတ်မမှန် ထွက်ဆိုခဲ့ကြသည်။ ***(တမန်၊ ၁၆း ၁၆-၂၁)*** *ပေါလု နှင့် သီလ မည်သို့ ခံစားကြမည်ကို ဆွေးနွေးပါ။*<br>• ပေါလု နှင့် သီလတို့အား  ရိုက်ကြပြီး ၊ ထောင်ထဲသို့ ပို့ခဲ့ကြသည်။ ထောင်မှူးသည် သူတို့အား ထောင်ထဲသို့ ထည့်ပြီး၊ လက်ထိပ် ၊ ခြေထိပ် ခတ်၍ ထောင်ထဲသို့ ထည့်ထားလိုက်သည်။ ***(တမန်၊ ၁၆း ၂၂-၂၄)*** *ပေါလု နှင့် သီလတို့၏ ခံစားချက်ကို တဖန် ဆွေးနွေးပါ။*<br>• သန်းခေါင်ယံ အချိန်တွင် ပေါလု နှင့် သီလတို့သည် ထောင်အတွင်းတွင် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းနေကြသည်ကို အခြားသော ထောင်သားများက ကြားကြသည်။ သူတို့သည် ရိုက်နှက်ခြင်းကို ခံထားကြရသော်လည်း ဘုရားသခင်ကို ချီးမွမ်း နိုင်ကြသေးသည်။ ***(တမန်၊၁၆း ၂၅)*** *အခြားသော ထောင်သားများက မည်သို့ တွေးထင်ကြမည်နည်း။*<br>• ရုတ်တရက် အခြားသော အသံ တစ်ခု ထွက်ပေါ်လာသည်။ အဆောက်အဦး တစ်ခုလုံးသည် အဆက်မပြတ် တုန်ခါးလာသည်။ တံခါးများ အားလုံးပွင့်သွားပြီး၊ ချုပ်နှောင်ခြင်းများ အားလုံး လွတ်သွားသည်။ ထိုသို့ ဖြစ်ရခြင်းမှာ ငလျှင်လှုပ်သောကြောင့် ဖြစ်သည်။ ***(တမန်၊ ၁၆း ၂၆)***<br>• ထောင်မှူးသည်  မိမိတွင် အပြစ်ရှိကြောင်း သိခဲ့သည်။ ထောင်မှူးကလည်း မိမိသည် ကယ်တင်ခြင်း ခံစားရရန် အဘယ်သို့ လုပ်ဆောင်းရမည်နည်းဟု ပေါလုထံ မေးခဲ့သည်။ ပေါလုကလည်း "သင်သည် ကယ်တင်ခြင်း ခံစားရရန် သခင်ယေရှုခရစ်ကို ယုံကြည်လော့" ဟု ထောင်မှူးအား ပြောလိုက်သည်။  ပေါလု နှင့်သီလသည် ထောင်မှူးနှင့် မိသားစုများထံ သူတို့၏အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည့် သခင်ယေရှု အကြောင်းကို ရှင်းလင်းပြောပြ ခဲ့သည်။ ထောင်မှူးသည် ပေါလု နှင့် သီလတို့ နှစ်ဦးအား သူ၏အိမ်သို့ ခေါ်ဆောင်၍ ဒဏ်ရာများကို ဆေးကြောပေးပြီး၊ သူတို့အား အလုပ်အကျွေးပြုသည်။ ထိုညသည် ထောင်မှူးနှင့် သူ၏မိသားစုများ အတွက် အလွန်ပျော်ရွှင်သော ညတစ်ည ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံး သခင်ယေရှု၌ ယုံကြည်လာကြ သောကြောင့် ဖြစ်သည်။ ***(တမန်၊ ၁၆း ၂၉-၃၄)***<br>• *ပုံပြင်ထဲတွင် မည်သူတို့ ပျော်ရွှင် ကြသနည်း။ အဘယ်ကြောင့် သူတို့ ပျော်ရွှင်ကြသနည်း။ (ပေါလု၊ သီလ နှင့် ထောင်မှူးတို့ မိသားစု အကြောင်း ကလေးများ အချင်းချင်း ပြောကြရန် တိုက်တွန်းပါ။ ဤသူတို့သည် ပျော်ရွှင်ရသည့်အကြောင်းမှာ သခင်ယေရှု သူတို့အား ကယ်တင်ခဲ့သည့် အတွက်ကြောင့် ဖြစ်ကြောင်း ကလေးများကို ရှင်းပြပါ။)*<br>• *ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ်မှ ကယ်တင်ခြင်းခံစားရရန် လိုအပ်ကြောင်း ကလေးများကို ရှင်းပြပါ။ သခင်ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ပြီး ကျွန်ုပ်တို့အတွက် အသေခံခဲ့သည့်အတွက် ကျွန်ုပ်တို့သည် သူ့အား ယုံကြည်သင့်သည်။*<br><br>**သင်ခန်းစာကို ပြီးမြောက်စေပါ။**<br>**ပြပါ။** ။    ထောင်ထဲ၌ ပေါလု နှင့် သီလ။ |
| **သင်ယူစေပါ** | အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***တမန်၊ ၁၆း ၃၁*** |
| **သင်ခန်းစာကို မှတ်မိသတိရစေပါ။** | • ပေါလု နှင့် သီလသည် မည်သူအား ကူညီပေးခဲ့ သနည်း။<br>• ပေါလု နှင့် သီလ၌ မည်သို့ ဖြစ်ခဲ့ သနည်း။<br>• သန်းခေါင်ယံ အချိန်တွင် ပေါလု နှင့် သီလတို့ ဘာလုပ်ခဲ့ကြ သနည်း။<br>• သူတို့ သီချင်းဆိုသောအခါ ဘာဖြစ်ခဲ့ သနည်း။<br>• ငလျှင် လှုပ်ပြီးသောအခါ ထောင်မှူးသည် အဘယ်ကြောင့် ကြောက်ရွံ့ခဲ့ သနည်း။<br>• ထောင်မှူးသည် ပေါလု နှင့် သီလ ထံ မည်သည့်အရာ မေးခဲ့ သနည်း။<br>• ပေါလု နှင့် သီလသည် မည်သည့်အရာ ပြန်ပြောခဲ့ သနည်း။<br>• ထိုနေ့ညတွင် ထောင်မှူး ဘာလုပ်ခဲ့ သနည်း။<br>• သူ့အသက်တာ ပြောင်းလဲကြောင်းကို သူမည်သို့ သက်သေပြခဲ့ သနည်း။ |

<u>က ၁၂ ပုံပြင် ၁</u>

## ဇာခရိ နှင့် ဧလိရှဗက် -ဤပုံပြင်သည် ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ဆုတောင်းခြင်းကို ဘုရားသခင် အဖြေ ပေးသည်။
- ဆုတောင်းခြင်းများကို ဘုရားသခင်၏ အချိန်အတိုင်း အဖြေပေးသည်။ ကျွန်ုပ်တို့၏ သဘောအတိုင်း မဟုတ်ပါ။

**အဓိကသော့ချက်ကျမ်း** ။ *လုကာ၊ ၁း ၁၃*
**ကျမ်းညွှန်း။** ။ *လုကာ၊ ၁း ၅- ၂၅*

**သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။**

- သူတို့၏ မိသားစု အကြောင်း ကလေးများထံ မေးပါ။ သူတို့ မိသားစုတွင် ရှိသော ကလေးငယ်လေးများ အကြောင်း  သို့မဟုတ် မိသားစု များလာသည့် အကြောင်း သူတို့နှင့် ဆွေးနွေးပါ။ အသစ်မွေးဖွားလာသော ကလေးလေးသည် မိသားစုကို ပျော်ရွှင်ခြင်းတွေ သယ်ဆောင် လာပေးသည်။
- သူတို့ အမှန်တကယ် နှစ်သက်သော အရာအကြောင်း ကလေးများကို စဉ်းစားခိုင်းပါ။ ထိုအရာကို အဘယ်ကြောင့် နှစ်သက်ကြောင်း ကလေးများ ရှင်းပြနိုင်မည်လား။ ယနေ့ ပုံပြင်တွင် ပါသည့် ဇနီးမောင်နှံ နှစ်ဦးသည် ဤကဲ့သို့ပင် ခံစားချက် ရှိသောသူများ  ဖြစ်ကြသည်။ သူတို့သည် ကလေး လိုချင်ကြသည်။

**သင်ကြားပေးပါ။**

- ဇာခရိ နှင့် ဧလိရှဗက်တို့သည် ကလေး လိုချင်ကြသည်မှာ အမှန်ပင် ဖြစ်ပါသည်။ သူတို့ အသက်ကြီးလာသည် နှင့်အမျှ သူတို့၏ သူငယ်ချင်းများသည် မိသားစုများ ရှိနေပြီး ဖြစ်သည်။ *သို့သော် သူတို့မှာမူ သားသမီး မရရှိသေးပေ။ သူတို့ မည်သို့ ခံစားကြမည်ဟု သင်ထင်ပါသနည်း။ ကလေး မရရှိခြင်းမှာ ဇာခရိ နှင့် ဧလိရှဗက်တို့သည် မည်သည့်အမှားမျိုး ပြုလုပ်ခဲ့ပါ သနည်း။ (သူတို့၏ ကိုယ်ပိုင် ယဉ်ကျေးမှု/ဓလေ့များ အပေါ် မူတည်၍ ကလေးများကို အကြံပြု ပြောပြခိုင်းပါ။)* ***(လုကာ၊၁း ၅-၇)***
- ကလေးရရန် ဘုရားသခင်ထံ ဆုတောင်းမည်ဟု သူတို့ ဆုံးဖြတ်ခဲ့ကြသည်။ သူတို့၏ ဆုတောင်းခြင်းကို ဘုရားသခင် အဖြေပေးနိုင်ကြောင်း သူတို့ ယုံကြည်ကြသည်။ ***(လုကာ၊ ၁း ၁၃)*** *ကျွန်ုပ်တို့ ကြုံတွေ့ရသည့် မည်သည့် ပြဿနာမဆို ဘုရားသခင်ထံ ကျွန်ုပ်တို့ ဆုတောင်း နိုင်ကြောင်း ဖော်ပြပါ။*
- ဘုရားသခင်သည် သူတို့၏ ဆုတောင်းသံကို ကြားပြီး၊ ဇာခရိသည် ဗိမာန်တော်တွင် အမှုထမ်းနေစဉ် ဘုရားသခင်သည် ကောင်းကင်တမန်ကို ဇာခရိ ထံ စေလွှတ်ခဲ့သည်။ *ကောင်းကင်တမန် ကိုယ်ထင်ရှားသည့်အခါ ဇာခရိ မည်သို့ ခံစားမည်ဟု သင်ထင်ပါ သနည်း။* ကောင်းကင်တမန်ကလည်း မကြောက်နှင့် ဧလိရှဗက်သည် သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားအား ယောဟန် အမည်ဖြင့် မှည့်ခေါ်ရမည် ဟူသော သတင်းကောင်းကို ဇာခရိထံ ပြောပြခဲ့သည်။ ***(လုကာ၊  ၁း ၈-၁၁)***
- ဇာခရိသည် သူကြားသည့် သတင်းစကားကို မယုံကြည်နိုင် ဖြစ်နေသည်။ သူ နှင့် ဧလိဇဗက်တို့သည် ကလေးရရန် အလွန် အသက်ကြီးနေပြီး ဖြစ်သည်ဟု သူတွေးခဲ့သည်။ သင်သည် ဘုရားသခင်ထံမှ သတင်းစကားကို မယုံကြည်သောကြောင့် သားမမွေးဖွားမည် တိုင်အောင် စကားအလျက် နေရမည်ဟု ကောင်းကင်တမန်သည် ဇာခရိအား ပြောခဲ့သည်။ ***(လုကာ၊ ၁း ၁၈ -၂၀)***
- *အရေးကြီးသည့် သင်ခန်းစာကို ဇာခရိ အသက်တာမှ ကျွန်ုပ်တို့ သင်ယူနိုင်သည်။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းကို အဖြေပေးနိုင်ကြောင်း ယုံကြည်ရမည်။*
- *အချို့သော အခြေအနေများကို စဉ်းစားပါ။ ထိုအခြေအနေများ အတွက် ယနေ့ ကျွန်ုပ်တို့ ဆုတောင်းနိုင်ပါသလား။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။    ဗတ္တိဇံဆရာ ယောဟန် မွေးဖွားသည်။

**သင်ယူစေပါ**

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။  ***လုကာ၊ ၁း ၁၃***

**သင်ခန်းစာကို မှတ်မိသတိရစေပါ။**

- ဇာခရိသည် မည်သူနှင့် လက်ထပ်ထား သနည်း။
- သူတို့ အမှန်တကယ် လိုချင်သောအရာမှာ အဘယ်နည်း။
- ဇာခရိ နှင့် ဧလိရှဗက်သည် မည်သူ့ထံ ဆုတောင်းခဲ့ သနည်း။
- ဗိမာန်တော်၌ ဇာခရိ နှင့် လာရောက်တွေ့ဆုံသော သူမှာ မည်သူနည်း။
- ကောင်းကင်တမန် ကိုယ်ထင်ရှားသောအခါ ဇာခရိ မည်သို့ခံစား သနည်း။
- ကောင်းကင်တမန် ထံမှ သတင်းစကားမှာ အဘယ်နည်း။
- ဇခရိ မယုံကြည်သည့် အတွက်ကြောင့် သူဘာဖြစ်သွား သနည်း။
- ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် အရေးကြီးသော အရာမှာ အဘယ်နည်း။

<u>က ၁၂ ပုံပြင် ၂</u>

## မာရိ နှင့် ဂါဗေလ - ဤပုံပြင်သည် ဘုရားသခင်၏ စကားတော်ကို မာရိ နာခံသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- မာရိထံ ရောက်လာသော ကောင်းကင်တမန်၏ သတင်းစကားသည် ဖြစ်နိုင်ခြေ မရှိသော်လည်း သူမ လက်ခံခဲ့သည်။
- မဖြစ်နိုင် ဟု ထင်ရသည့်အရာကို တတ်နိုင်တော်မူသော ဘုရားသခင် ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** ။ *လုကာ၊ ၁း ၃၇*
**ကျမ်းညွှန်း။** ။ *လုကာ၊ ၁း ၂၆-၃၈*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

ပြီးခဲ့သည့် အပတ်တွင် သင်ကြားခဲ့သည့် ပုံပြင်ထဲမှ ဇာခရိ နှင့် ဧလိရှဗက်တို့ ကလေးရမည်ဟု ပြောသည့် ကောင်းကင်တမန်၏ သတင်းစကား အကြောင်းကို ပြန်လှန်ပြောပြပါ။ ထိုအကြောင်းအရာများဖြစ်ပြီး မကြာမီ အချိန်အတွင်းမှာပင် ဘုရားသခင်သည် ထိုကောင်းကင်တမန်ကို အခြားသောသူ တစ်ဦးနှင့် တွေ့ရန် စေလွှတ်ခဲ့သည်။

### သင်ကြားပေးပါ။

- *မာရိ နှင့် ဧလိရှဗက်ကို ယှဉ်ကြည့်ပါ။* မာရိသည် ပျိုရွယ်သည့် မိန်းမငယ်တစ်ဦး ဖြစ်သည်။ ယောသပ် ဆိုသောသူနှင့် စေ့စပ်ထားပြီး နာဇရက်မြို့တွင် နေထိုင်သည်။ တစ်နေ့သော အခါတွင် ဂါဗေလ ဟု ခေါ်သော ကောင်းကင်တမန် တစ်ပါးသည် သူမထံ ရောက်ရှိလာခဲ့သည်။ ***(လုကာ၊ ၁း ၂၆-၂၇)*** *ဤအဖြစ်အပျက်သည် အမြဲဖြစ်လေ့ရှိသောအရာ မဟုတ်ပါ။ မာရိသည်လည်း ကြောက်ရွံ့နေသည် ဖြစ်ကြောင်း ကလေးများ နားလည်နိုင်ရန် ကူညီပေးပါ။*
- ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်း မရှိနှင့် ဟု မာရိအား ပြောခဲ့သည်။ သူမသည် သားယောကျ်ားကို ဖွားမြင်လိမ့်မည် ဟု ကောင်းကင်တမန် ဂါဗေလ ပြောသော စကားကို မာရိ ကောင်းစွာ နားထောင်ခဲ့သည်။ မာရိသည် လက်မထပ်ရသေးသည့်အတွက် အနည်းငယ် စိတ်ရှုပ်ထွေးခဲ့ရသည်။ ကောင်းကင်တမန်ကလည်း ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဤထူးခြားသည် ကလေးကို ရလိမ့်မည်ဟု ပြောခဲ့သည်။ သူငယ်၏ အမည်ကို ယေရှု ဟူသော အမည်ဖြင့် မှည့်ခေါ်ရမည်ဟု ပြောခဲ့သည်။ ***(လုကာ၊ ၁း ၂၈-၃၄)***
- ယေရှုသည် အခြားသော သူငယ်တို့ထက် ကြီးမြတ်သောသူ ဖြစ်ကြောင်း သူ၏ မွေးဖွားခြင်းဖြင့် သိရမည်။ သူသည် ဘုရားသခင်၏ သားတော်ဟု ခေါ်ဝေါ်ခြင်း ခံရလိမ့်မည်။ ထိုအရာသည် နားလည်ရန် ခက်ခဲသည့် အရာ ဖြစ်သော်လည်း ဘုရားသခင် မတက်နိုင်သည့် အမှုမရှိဟု ကောင်းကင်တမန်က မာရိအား ပြောခဲ့သည်။ ***(လုကာ၊ ၁း ၃၅-၃၇)***
- မိမိထံ ရောက်လာသည့် သတင်းစကားကို မာရိ ယုံကြည်ခဲ့သည်။ ဘုရားသခင်၏ သားတော်ကို ဤလောကထဲသို့ စေလွှတ်သည့် ဘုရားသခင်၏ ကြီးမားသည့် အစီအစဉ်ထဲတွင် မာရိသည် အခန်းကဏ္ဍတစ်ခုတွင် လိုလိုလားလား ပါဝင်လိုသည်။ ယေရှု၏ မွေးဖွားခြင်းသည် အံ့သြဖွယ်နိမိတ်လက္ခဏာပင် ဖြစ်သည်။ ***(လုကာ၊ ၁း၃၈)***
- *ယုံကြည်ရန် ခတ်ခဲသည့် အခြေအနေ တစ်ခုအတွက် သင်ဝန်ခံ ကတိပေးဖူးပါ သလား။*
- *မာရိသည် အဘယ်ကြောင့် ကောင်းကင်တမန်၏ စကားကို ယုံကြည်သည် ဟု သင်ထင်ပါ သနည်း။ ကျွန်ုပ်တို့ အယောက်စီတိုင်းသည် မာရိကဲ့သို့ ဘုရားသခင်ကို ယုံကြည်ကိုးစားနိုင်ရန် ဘုရားသခင် အလိုတော်ရှိသည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ ယေရှု၏ မွေးဖွားခြင်း အကြောင်း ကြိုတင်ဟောပြောခြင်း ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***လုကာ၊ ၁း ၃၇။*** သမ္မာကျမ်းစာထဲတွင် “မဖြစ်နိုင်” ဟု ထင်ရသည့် အခြာအရာ တစ်ခုကို ဘုရားသခင်လုပ်နိုင်သည့် အကြောင်း ကလေးများ စဉ်းစားနိုင်ပါ သလား။ ထို့ကဲ့သို့ ကြီးမြတ်တော်မူသော ဘုရားသခင် ဖြစ်သည့်အတွက် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- မာရိသည် မည်သည့်မြို့တွင် နေထိုင် သနည်း။
- မာရိသည် မည်သူနှင့် စေ့စပ်ထား သနည်း။
- မာရိထံ ရောက်လာသည့် ကောင်းကင်တမန်၏ အမည်နာမမှာ အဘယ်နည်း။
- ကောင်းကင်တမန်၏ သတင်းစကားကို ကြားသည့်အခါ မာရိ အနည်းငယ် စိတ်ရှုပ်ထွေးခဲ့ရခြင်းမှာ အဘယ်ကြောင့်နည်း။
- သူငယ်တော်သည် ထူးခြားကြောင်းကို မည်သို့သော အားဖြင့် သိနိုင် သနည်း။
- ကောင်းကင်တမန်၏ သတင်းစကားကို မာရိ မည်သို့ တုန့်ပြန်ခဲ့ သနည်း။
- ကျွန်ုပ်တို့ လိုက်နာရန်အတွက် မာရိသည် မည်ကဲ့သို့သော ဥပမာကောင်း ဖြစ်သနည်း။
- ဘုရားသခင် မတက်နိုင်သော အရာများမှာ အဘယ်ရာနည်း။

## က ၁၂ ပုံပြင် ၃

## ယောဟန်၏ မွေးဖွားခြင်း - ဤပုံပြင်မှာ ဘုရားသခင်သည် သူ၏ ကတိတော်ကို စောင့်ထိန်းသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ဘုရားသခင်သည် ဇာခရိ နှင့် ဧလိဇဗက်ထံ ပေထားသည့် ကတိကို စောင့်ထိန်းခဲ့သည်။
- ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ပေးထားသည့် ကတိကိုလည်း စောင့်ထိန်းသည်။

**အဓိကသော့ချက်ကျမ်း** ။ *လုကာ၊ ၁း ၇၆*

**ကျမ်းညွှန်း။** ။ *လုကာ၊ ၁း ၅၇-၈၀*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- လ အတော်အတန်ကြာ စကားမပြောနိုင်ဘဲ နေရလျှင် မည်ကဲ့သို့ ဖြစ်မည်ကို ဆွေးနွေးပါ။ အခြား လူများနှင့် သင် မည်သို့ ဆက်သွယ် ပြောဆို မည်နည်း။ ကလေးများကို နှစ်ယောက် တစ်တွဲ တွဲစေပြီး ကိုယ်လက် အမူအရာဖြင့် ဆက်သွယ်ပြောခိုင်းပါ။ ပထမ ကလေးသည် ဒုတိယ ကလေးထံ စိတ်ထဲ၌ ရှိသောအရာကို ရိုးရှင်းသည့် နည်းလမ်းဖြင့် အမူအရာနှင့် ပြောပြမည်။ ဥပမာ၊ အပြင်မှာ မိုးရွာနေသည်။ ထပ်ပြောစေပါ။ သို့သော် ဇာတ်ကောင်များကို ပြောင်းပေးပါ။ ဇာခရိသည် ကောင်းကင်တမန်၏ စကားကို မယုံကြည်သည့်အခါ ဇာခရိ၌ ထိုကဲ့သို့ စကားမပြောနိုင် ခဲ့ရသည့်အကြောင်း ကလေးများကို ပြန်လည် နှိုးဆော်၍ ပြောပြပါ။
- ခရစ္စမတ် မနက်ခင်း သို့မဟုတ် မွေးနေ့တွင် သင်စောင့်မျှော်နေသည့် လက်ဆောင် သင်ရရှိသည့်အခါ သင်မည်ကဲ့သို့ ခံစားရ မည်နည်း။ ဇာခရိ နှင့် ဧလိရှဗက်တို့သည် ကောင်းကင်တမန် ကတိပေးခဲ့သည့် အတိုင်း သူတို့၏ သားလေး မွေးဖွားလာသည့်အခါ ထိုကဲ့သို့ ပျော်ရွှင်ခြင်းမျိုး ခံစားခဲ့ကြရသည်။ ထိုအချိန်သည် အလွန် ထူးခြားသည့် အချိန်ပင်ဖြစ်သည်။

### သင်ကြားပေးပါ။

- ကလေးငယ်လေး မိသားစုအတွင်း ရောက်ရှိလာသောအချိန်တွင် အိမ်နီးချင်းများက သူ၏ အမည်ကို ဖခင်၏ အမည်အတိုင်း ဇာခရိ ဟု ခေါ်လိုကြသည်။ ဧလိရှဗက်က သူ၏ အမည်ကို ယောဟန် ဟု မှည့်ခေါ်ရမည် ဖြစ်ကြောင်း အိမ်နီးချင်းများထံ ပြန်ပြောပြခဲ့သည်။ ***(လုကာ၊ ၁း ၅၇-၆၀)*** *ဧလိရှဗက်က သူ၏ အမည်ကို ယောဟန် လို့ ခေါ်ရမည်ဟု ပြောရခြင်းမှာ အဘယ်ကြောင့်နည်း။*
- သူငယ်၏ အမည်ကို မည်သို့ မှည့်ခေါ်ရမည်နည်း ဟု ဇာခရိအား မေးသည့်အခါ "သူငယ်၏ အမည်မှာ ယောဟန်" ဟု သင်ပုံးပေါ်တွင် ရေးပြခဲ့သည်။ ***(လုကာ၊ ၁း ၆၂-၆၃)***
- ထိုအချိန်လေးမှာပင် ဇာခရိ ပြန်လည် စကားပြောနိုင် ခဲ့သည်။ ဇာခရိသည် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခဲ့သည်။ *ဇာခရိသည် အဘယ်ကြောင့် ဤသို့ ချီးမွမ်းရခြင်း ဖြစ်သနည်း။ ဘုရားသခင်သည် သူ၏ ကတိကို စောင့်ထိန်းသောကြောင့် ဖြစ်သည်။ သူ၏ သား မွေးဖွားလာခြင်း အတွက် သူအလွန်ပျော်ရွှင် ခဲ့ရသည်။ မကြာမီ ဘုရားသခင်သည် ကြီးမားသည့် အမှုကိုပင် ပြုလိမ့်မည်။* လူတို့သည် သူတို့ မြင်တွေ့ကြရသည့် အရာအပေါ် အလွန်အံ့သြကြလိမ့်မည် ဖြစ်ကြောင်း ဇာခရိ သိနှင့်ထားသည်။ ***(လုကာ၊ ၁း ၆၄-၆၆)***
- ယောဟန်သည် ထူးခြားသည့် ကလေး ဖြစ်သည်။ *အဘယ်ကြောင့်နည်း။ သူ၏ မိဘများသည် သူမွေးဖွားလာရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရသည်။ သို့သော် ပို၍ အရေးကြီးသော အချက်မှာ သခင်ယေရှု ကြွလာမည့် လမ်းကို ပြင်ဆင်ပေးသောသူအဖြစ် ကြီးပွါး၍ ညဏ်သတ္တိနှင့် ပြည့်စုံသောသူ ဖြစ်ကြောင်း ကလေးများကို ပြန်လည်ပြောပြပါ။*
- *ဘုရားသခင်သည် ကျွန်ုပ်တို့ထံ ပေးထားသည့် ကတိတော်များကိုလည်း စောင့်ထိန်းလိမ့်မည် ဖြစ်သည်။ သမ္မာကျမ်းစာထဲ၌ ကျွန်ုပ်တို့ထံ ပေးထားသည့် ကတိတော် တစ်တွဲ (နှစ်ခု) ကို ဖော်ပြပါ။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**

**ပြပါ။** ။ ဗတ္တိဇံဆရာ ယောဟန်၏ မွေးဖွားခြင်း ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***လုကာ၊ ၁း ၇၆။*** ဤကျမ်းချက်သည် ဇာခရိ ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်းသည့် သီချင်း၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း ရှင်းပြပါ။

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ဧလိရှဗက်၏ အမျိုးသားမှာ မည်သူနည်း။
- သူ စကားမပြောနိုင် ရခြင်းမှာ အဘယ်ကြောင့် နည်း။
- အိမ်နီးချင်းများက သူငယ်အား မည်သို့ အမည်မှည့်ခေါ်လိုကြ သနည်း။
- ဇာခရိ နှင့် ဧလိရှဗက်တို့သည် သူငယ်အား ယောဟန် ဟု မှည့်ခေါ်ရခြင်းမှာ အဘယ်ကြောင့် နည်း။
- ဇာခရိ စကား ပြန်ပြောနိုင်ခြင်းမှာ အဘယ်ကြောင့် နည်း။
- ယောဟန် လုပ်ဆောင်ရမည့် အထူးတာဝန်မှာ အဘယ်နည်း။

**ပြုလုပ်ပါ။** ။ သူငယ် ယောဟန်အတွက် မွေးနေ့ ကြေညာကဒ်လေးကို ကလေးများ ပြုလုပ်နိုင်သည်။

<u>က ၁၂ ပုံပြင် ၄</u>

## ယေရှု၏ မွေးဖွားခြင်း - ဤပုံပြင်မှာ ဘုရားသခင်သည် သူ၏ တစ်ပါးတည်းသော သားတော်ကို ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် ပေးသည့် အကြောင်း ဖြစ်သည်။

**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**

- ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ပြီး ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် ဆင်းကြွလာခြင်း ဖြစ်သည်။
- သခင်ယေရှုကို စေလွှတ်ပေးသည့် သူ၏ ကြီးမားသော ချစ်ခြင်းမေတ္တာအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ ကျေးဇူးတင်ရမည် ဖြစ်သည်။

**အဓိကသော့ချက်ကျမ်း** ။ *လုကာ၊ ၂း ၇*
**ကျမ်းညွှန်း။** ။ *လုကာ၊ ၂း ၁-၇*

### သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။

- နောက်ဆုံး မိနစ်အတွင်း အစီအစဉ်များ မည်သို့ ပြောင်းလဲနိုင်သည့်အကြောင်း ပြောပါ။ ကလေးများ၏ အတွေ့အကြုံ အားဖြင့်ရင်း၊ သင်ကိုယ်တိုင် ကြုံတွေ့ရသည့် အတွေ့အကြုံ အားဖြင့်ရင်း သင်ပြောနေသည့် စကားဆက်နှင့် စပ်ဆက်သည့် ဥပမာကို ပေးပါ။
- မာရိ၏ ကလေးမှာ မွေးဖွားရန် အချိန်နီးကပ်နေပြီး ဖြစ်ကြောင်း ရှင်းပြပါ။ ယောသပ် နှင့် မာရိ နေထိုင်သည့် နာဇရက်မြို့တွင် ကလေးမွေးဖွားနိုင်လျှင် ပိုမို လွယ်ကူ ပေလိမ့်မည်။ သို့သော် ...

### သင်ကြားပေးပါ။

- သန်းခေါင်စာရင်း ပေးသွင်းရန် လူတိုင်းမိမိ မွေးဖွားရာ ဇာတိမြို့ရွာသို့ ပြန်ရမည်ဟု ရောမ အင်ပါယာမှ အမိန့်ထုတ်ပြန်ခဲ့သည်။ ထို့အတွက်ကြောင့် ယောသပ် နှင့် မာရိတို့သည် ဗက်လင်မြို့သို့ သွားခဲ့ရသည်။ ***(လုကာ၊ ၂း ၁-၅)*** *လမ်းခရီး၏ အကွာအဝေးကို အကြံပြု ပြောပြပေးပါ။ ခန့်မှန်းခြေအားဖြင့် မိုင် ၈၀ကို ၄ ရက် ခရီးသွားရသည်။ ဤဝေးကွာလှသည့် ခရီးကို မည်မျှ သွားရမည်နည်း။ (အဆင့် ၂ ကလေးများအတွက်မူ သူငယ်တော်သည် ဗက်လင်မြို့တွင် မွေးဖွားရန်မှာ ဘုရားသခင်၏ အစီစဉ် ဖြစ်သည်ဟု ဖြည့်စွက် ပြောပြ နိုင်သည်။)*
- သူတို့သည် ထိုမြို့သို့ ရောက်ရှိသွားချိန်တွင် မြို့သည် ဧည့်သည်များ ပြည့်နေသည့်အတွက် သူတို့ တည်းခိုရန် နေရာ ရှာမတွေ့ခဲ့ပေ။ ဘုရားသခင် ကတိထားတော်မူသည့်အတိုင်း သူငယ်တော် မွေးဖွားလာမည့် အချိန်သည် အလွန်နီးကပ်နေပြီး ဖြစ်သည်။ တိရစ္ဆာန်များ ထားသည့် နေရာတွင် သူတို့ တည်းခိုရသည်။ ***(လုကာ၊ ၂း ၆-၇)***
- သူငယ်တော်ယေရှု မွေးဖွားလာသည့်အခါ သူငယ်အား အဝတ်နှင့် ပတ်ရစ်ပြီး တိရစ္ဆာန်များ အစာထည့်သည့် နွားစာခွက်တွင် သိပ်ထားသည်။ ***(လုကာ၊ ၂း ၆-၇)*** *သူငယ်တော်အား အဘယ်ကြောင့် အဝတ်နှင့် ပတ်ရစ်ပြီး နွားစာခွက်တွင် သိပ်ထားရသနည်း။ ထိုကဲ့သို့ နိမ့်ကျသည့် နေရာတွင် သူငယ်တော် မွေးဖွားလာခြင်း၏ ဂုဏ်သတင်းကို ကလေးများ တန်ဖိုးထားတတ်ရန် ကူညီပေးပါ။ သင်တို့၏ လူမှုဝန်းကျင်ထဲသို့ ကလေးတစ်ဦး မွေးဖွားရောက်ရှိလာသည့် အကြောင်းနှင့် နှိုင်းယှဉ် ပြောပြနိုင်သည်။*
- *ယေရှုနှင့်တူသည့် သူငယ် တစ်ဦးတစ်ယောက်မျှ မရှိပါ။ သူသည် ဘုရားသခင်၏ သားတော် ဖြစ်သည်။ သူသည် ကောင်းကင်ဘုံကို စွန့်ပြီး၊ ကျွန်ုပ်တို့ကို အပြစ်ငရဲမှ ကယ်တင်ရန်အတွက် ဤလောကသို့ ကြွဆင်းလာသောသူ ဖြစ်သည်။* ***(မသဲ၊ ၁း၂၁)***
- *ဤအကြောင်းအရာသည် ခရစ္စမတ်အကြောင်း အားလုံးဖြစ်သည်ကို ကျွန်ုပ်တို့ သတိထားရမည် ဖြစ်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ နှင့် ကယ်တင်ရှင် စေလွှတ်ခြင်းအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ ကျေးဇူးတင်ရမည် ဖြစ်သည်။*

**သင်ခန်းစာကို ပြီးမြောက်စေပါ။**
**ပြပါ။** ။ သခင်ယေရှု၏ မွေးဖွားခြင်း ။

### သင်ယူစေပါ

အဓိကသော့ချက်ကျမ်း၏ အရေးကြီးပုံကို ရှင်းပြပြီး သင်ကြားပေးပါ။ ***လုကာ၊ ၂း ၇***

### သင်ခန်းစာကို မှတ်မိသတိရစေပါ။

- ယောသပ်နှင့် လက်ထပ်သောသူမှာ မည်သူနည်း။
- ယောသပ် နှင့် မာရိသည် မည်သည့်မြို့တွင် နေထိုင်သနည်း။
- ယောသပ် နှင့် မာရိသည် မည်သည့်မြို့သို့ ခရီးသွားခဲ့သနည်း။
- ယောသပ် နှင့် မာရိသည် ဗက်လင်မြို့တွင် အဘယ်ကြောင့် ရှိနေရခြင်း ဖြစ်သနည်း။
- သူတို့သည် အဘယ်ကြောင့် တိရစ္ဆာန် ထားသည့် နေရာတွင် တည်းခိုရခြင်း ဖြစ်သနည်း။
- သူငယ်ယေရှုအား မည်သည့်နေရာတွင် သိပ်ထားသနည်း။
- မည်သည့်အရာက ယေရှုအား ထူးခြားစေ သနည်း။
- ကျွန်ုပ်တို့သည် အဘယ်ကြောင့် ကယ်တင်ရှင် လိုအပ်ရပါ သနည်း။

# ဆရာများအတွက် သင်ခန်းစာအမှတ်ပေး လမ်းညွှန်

**အဆင့် (၁) သင်ခန်းစာများ**

- အဓိကပါဝင်သည့် ရောင်စုံခြယ်ခြင်း၊ စကားလုံးအနည်းငယ်စီ ဖြည့်ခြင်းများကို အပတ်တိုင်းအတွက် စာမျက်နှာ (၁)သို့မဟုတ် (၂) မျက်နှာ စာအုပ်ထဲတွင်ရှိသည်။
- ၁လစာ အမှတ် ၄၀ မှ ၁၀ မှတ်အား ၁ပတ်စာ အတွက် ခွဲဝေ သက်မှတ်ထားသည်။
- အဆင့် (၁)သင်ခန်းစာကို သင်ယူသောကလေးများသည် စာကို ကောင်းစွာဖတ်နိုင်လိမ့်မည်မဟုတ်ပေ။ သို့အတွက်ကြောင့် မိဘ၊ အုပ်ထိန်းသူ၊ ခေါင်းဆောင်မှ ကူညီပေးစေလိုသည်။ သင်ခန်းစာ တစ်ခုစီတိုင်းအတွက် ရောင်စုံခြယ်အမှတ် (၁၀)မှတ်နှင့် အဖြေတစ်ခုစီအတွက် ၂ မှတ်စီ ခွဲပေးထားသည်။

**အဆင့် (၂) သင်ခန်းစာများ**

- တစ်ပတ်စာအတွက် စာမျက်နှာ (စာအုပ်ငယ်ထဲ၌ ၄ မျက်နှာ)
- ပုံပြင်တွင် သင်ခန်းစာများ ပါဝင်သည်။ သင်ခန်းစာမှ စကားလုံးအမျိုးမျိုးကို ကျောင်းသားများမှ ရှာဖွေရမည်။ ရောင်စုံခြယ်ခြင်းအချို့ ပြုလုပ်ပါ။ အဓိကသော့ချက်ကျမ်းကို ပြည့်စုံစွာ ရေးပါ စသည်ဖြင့် ပြုလုပ်ပါ။
- သင်ခန်းစာများ အားလုံးပြီးဆုံးသည့်အခါ ၁လစာ ရမှတ် ၈၀ မှ ရမှတ် ၂၀ အား ၁ပတ်စာ အတွက် ခွဲဝေ သတ်မှတ်ပေးထားသည်။

**သမ္မာကျမ်းစာလေ့လာချိန် သင်ခန်းစာအား အမှတ်ပေးခြင်း**

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ ဤအရာများအတွက် အမှတ်မနုတ်ပါနှင့်။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်းဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်း နှင့် ကျောင်းသားများအား ခွန်အားပေးတိုက်တွန်းရန် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ်၊ သေသပ်တယ်၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများ သင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတက်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ၊ ခွန်အားပေးနိုးဆော်မှုများ စသည်ဖြင့် ကွဲကွဲပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစားလုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကျိုးသက်ရောက်မှုကို ဆုံးရှုံးစေမည်ဖြစ်သည်။

**အဆင့် (၁)**

**ယေဘူယျဝေဖန်ချက်**

"အေမီ - ဤသင်ခန်းစာကို လာရောက်သင်ကြားသည့်အတွက် အလွန်ဝမ်းသာပါတယ်။ ဤသင်ခန်းစာကို သင်ယူရသည့်အတွက် သမီးပျော်ရွှင်လိမ့်မည် လို့ ဆရာမမျှော်လင့်ပါတယ်။ သမီးရောင်စုံခြယ်ထားတာလှတယ် ။ သမီးကျောင်းတက်နေပြီးလား ။ဆရာမကို ပြောပြပါဦး။ မြန်မြန်ပြောပါ ဆရာမစောင့်နေတယ်။"

"အန်ဒရူး - မင်းကောင်းကောင်း လုပ်နိုင်တာပဲ။ အို- ထူးထူးခြားခြား အရောင်ခြယ်ထားတာပဲ။ မျဉ်းအတွင်းထဲမှာရေးဖို့ ဘာကြောင့် ခက်ခဲတာလဲ။ နောက်ဆုံး သင်ခန်းစာ အတွက် ရောင်စုံ ခြယ်သည့်အခါ အစက်သေးသေးလေးကို မင်းကျန်ခဲ့တယ် စသည်ဖြင့် ဝေဖန်နိုင်သည်။"

**ဝိညာဉ်ရေးဆိုင်ရာ ဝေဖန်ချက်။**

"စာရာ - မင်းကောင်းစွာလုပ်ထားတာပဲ ။ယေရှုသည် သူအား ကူညီပေးခဲ့သည့်အတွက် တပ်မှူးသည် မည်မျှပျော်ရွှင်သောသူ ဖြစ်ရပါသနည်း။ ကောင်းသောအဖြေပဲ ၊ သခင်ယေရှု ပုံပြင်ထဲ၌ သေခြင်းသည် ဝမ်းနည်းစရာဖြစ်သော်လည်း သူ၏ရှင်ပြန်ထမြောက်ခြင်းသည် အလွန်ဝမ်းမြောက်စရာပင်ဖြစ်သည်။"

"အိုး -အကောင်းဆုံးအဖြေပဲ။ ဖိလိပ္ပုနှင့် တောထဲတွင် တွေ့သောသူသည် ဝမ်းမြောက်လျှက် ထွက်သွားခဲ့သည်။သခင်ယေရှု အကြောင်းကို သူကြားပြီး ယုံကြည်ခဲ့သည်။"

**အဆင့် (၂)**

**ယေဘူယျဝေဖန်ချက်**

" ကောင်းသောအဖြေပဲ ဂျိုအဲနာ ကျောင်း၌သမီး၏ဆရာက သမီးရဲ့အဖြေကို အားရကျေနပ်လိမ့်မယ်လို့ ဆရာမ ယုံတယ်။"

"သားရဲ့ မွေးနေ့ မကြာခင် ရောက်တော့မယ်မဟုတ်လား။ ကောနာ ။တခုခုကို သား ပြင်ဆင်ထားပါသလား။ သား ဘာပဲလုပ်လုပ် ကောင်းသောနေ့ ဖြစ်ပါစေကွယ်။"

**ဝိညာဉ်ရေးဆိုင်ရာ ဝေဖန်ချက်**

"နွားစာခွက်ထဲ၌ နေသော သူငယ်တော် ယေရှုပုံကို သား ရောင်စုံခြယ်ထားတာ ဆရာမ သဘောကျတယ်။"

"သူ၏သားတော်ကို လောကသားအတွက် ပေးဆက်ခြင်းသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းပဲ မဟုတ်ဘူးလား။"

"သမီးရောင်စုံခြယ်ထားတာ ဆရာ သဘောကျတယ်။ ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့်အတွက် ဇာခရိ အဖိုးအခ ပေးခဲ့ရတယ်။ နောက်အခါ ဘုရားသခင်ရဲ့စကားတော်ကို သူသံသရ မရှိတော့ဘူး။"

"မင်းတော်တော် ကြိုးစားထားတာပဲ။ အမှားနည်းနည်းလေးပဲ ရှိတယ်။အချိန်တိုင်း မင်းရဲ့အဖြေကို စစ်ဖို့မမေ့နဲ့နော။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1186004

01/2022
MY-Burmese